မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လကွယ်နေ့၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၇)၊ အမှတ် (၉၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီအောင်ကြိုးပမ်း
စားသောက်ကုန်များ GMP စနစ်နှင့်အညီထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် အမှတ်(၂)စစ်မှုထမ်းဟောင်းကျေးရွာ(သဲဖြူ)သို့ ရောက်ရှိရာ သဲဖြူကျေးရွာ ခမ်းမာရုံ၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ဌာနချုပ်မှူး ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(အငြိမ်းစား)နှင့် တာဝန်ရှိသူတို့က တန်ဖိုးနည်းနေအိမ်များ အကွက်ချထားမှု၊ အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်နှင့် ရေသွယ်တန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်းက လိုအပ်ချက်များကို မှာကြားကာ စစ်မှုထမ်းဟောင်းမိသားစု စုစုပေါင်း ၁၉၃ ဦးတို့၏ စားဝတ်နေရေးကိစ္စရပ်များ၊ မိသားစုအလုပ်အကိုင်ရရှိရေးကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်းသည် မဟာဗေယျသိဒ္ဓိအောင်ဘုန်းပွင့် မျှော်တော်ရောင်စေတီ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ သဲဖြူကျေးရွာ တည်ဆောက်ထားရှိမှု အခြေအနေနှင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော သက်သာအရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■



အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒဂုံအချိုရည်နှင့် ရေခဲစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်
ပရဆေးအမျိုး ၅၀၀ ကျော် ထိန်းသိမ်းစိုက်ပျိုးထား

ကွင်းဆင်းမေးမြန်းရေးသားသူ - သုရဇော် ● ဓာတ်ပုံမှတ်တမ်း - ညီညီထွန်း (သတင်းစဉ်) ● စာမျက်နှာအပြင်အဆင် - ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်က ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက် (၁၂)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုထိရောက်စွာ စောင့်ရှောက်ပေးနိုင်စေရေးအတွက် **တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**ဟူသည့် လူမှုရေးဦးတည်ချက်တစ်ရပ်ကို ထည့်သွင်းချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

ဆေးဖက်ဝင် ကေရာဇ်အပင်ကို ဤသို့တွေ့ရသည်။

ဆေးဖက်ဝင် အပင်များ

သွေးတိုးရောဂါ ကုသနိုင်သည့် ဆေးဖက်ဝင်အပင်များကိုလည်း ဤသို့တွေ့ရသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေး ပညာရေးကဏ္ဍက အလေးထားဖော်ဆောင်

ပညာရေးဝန်ကြီးဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို နေပြည်တော်တွင် ဇန်နဝါရီလ ၁ ရက်မှ ၃ ရက်နေ့အထိ ကျင်းပခဲ့ရာ ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ၊ ပညာရေးစွမ်းရည်ပြပွဲ၊ ဂီတဖျော်ဖြေမှုနှင့် ကျွမ်းကျင်မှုပြပွဲများ ပြသခဲ့သည်။

အမျိုးသားပညာရည်မြင့်မားရေး ဖော်ဆောင်ရာ၌ အခြေခံပညာသင်ယူမှု အခွင့်အလမ်းများကို ကျေးလက်ဒေသအထိ ရောက်ရှိရေး စီမံဖန်တီးပေးလျက်ရှိသကဲ့သို့ အဆင့်မြင့်ပညာသင်ယူမှု အခွင့်အလမ်းများ ရရှိစေရန်အတွက်လည်း ပြည်နယ်နှင့်တိုင်း အချက်အချာဒေသများတွင် တက္ကသိုလ်၊ ကောလိပ်များကိုပါ ဖွင့်လှစ်ပေးလျက်ရှိသည်။

ပညာရေးမျှော်မှန်းချက်တွင် စာပေပညာတတ်မြောက်ရုံသာမက ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်း အကျိုးအတွက် အထောက်အကူပြုရေး၊ နိုင်ငံ့သားကောင်း အရည်အသွေး၊ ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုနှင့် နိုင်ငံကြီးသားစိတ်ဓာတ်များ ပြည့်စုံစေရေးအတွက်ပါ လေ့ကျင့်သင်ကြားပေးလျက် ရှိသည်။

ပညာရေးပတ်ဝန်းကျင်ကောင်းများ တည်ဆောက်၍ အရည်အသွေးမီ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်စေရေးအတွက် ပြုစုပျိုးထောင် မွေးထုတ်ပေးလျက်ရှိရာ ယနေ့ကာလတွင် ဘက်စုံထူးချွန် ထက်မြက်သည့် ကျောင်းသားကျောင်းသူများ ပေါ်ထွက်လျက်ရှိသည်။ မြန်မာ့ပညာရေးလောက၏ တိုးတက်ဖြစ်ထွန်းမှု စွမ်းဆောင်ရည်များသည် ပညာရည်မြင့်မားရေး ရည်မှန်းချက်များ အောင်မြင်မှုကို အားရဖွယ် တွေ့မြင်နေရသည်။

မျိုးဆက်သစ်လူငယ်များသည် အနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ပေးစွမ်းနိုင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင် ဆက်လက်အားထုတ် ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

မျက်မှောက်ပညာရေးကဏ္ဍတွင် အလေးထားဖော်ဆောင်နေသည့် ဘက်စုံပညာရေးစနစ်သည် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်ထွန်းလာရေး ဦးတည်လျက်ရှိရာ မိဘ၊ ဆရာ၊ ကျောင်းသားနှင့် စေတနာရှင်များ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် တွေးခေါ်မြော်မြင် အသိအမြင်ကြွယ်ဝပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖြစ်ထွန်းလာမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရင်ပြင်၌ တည်ဆောက်မည့် အာရုံခံတန်ဆောင်းအတွက် တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ရာဇသူရလမ်း အမှတ်(၁၀၇၆)နေ ဒေါ်ခင်လှမိသားစုက အလှူငွေကျပ် တစ်သိန်းကို တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (၂၀၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၈
(တနင်္လာနေ့)

AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**ပြတ်ပြတ်သားသား** တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ ဆရာတော်)
၈:၀၅ - ၂:၀၅	Soccer Update
၈:၂၀ - ၂:၂၀	တေးဂီတအစီအစဉ်
၈:၃၀ - ၂:၃၀	ပါဝင်ဆင်နွှဲ မော်ကျွန်းမြို့ တာဝတိံသာဆင်းပွဲ
၉:၀၀ - ၃:၀၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၁၅ - ၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၃၀	တည်ငြိမ်အေးဆေးစွာ တရားဘာဝနာ အားထုတ်နိုင်စေရာ
၉:၄၅ - ၃:၄၅	တေးဂီတအစီအစဉ်
၉:၅၀ - ၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ - ၃:၅၅	MRTV-4 ကျန်းမာရေးကဏ္ဍ (ကလေးမွေးရာပါ နှလုံးရောဂါအကြောင်း) [ပါမောက္ခ ဦးလှမြင့်ထွန်းနှင့် တွေ့ဆုံခြင်း]
၁၀:၁၅ - ၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀ - ၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅ - ၄:၂၅	လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာဝိသာခါ
၁၀:၄၀ - ၄:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၀ - ၄:၅၀	MRTV-4 စာအုပ်စင်ကဏ္ဍ [ဦးသန်းဌေး(ဝေဒမဂ္ဂဇင်း) နှင့် တွေ့ဆုံခြင်း]
၁၁:၁၀ - ၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅ - ၅:၁၅	အမြင့်သဘင်၏ ရုပ်သေးသမားစဉ်(အပျိုတော်ခန်းနှင့် ဟိမဝန္တာခန်း)
၁၁:၃၅ - ၅:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ - ၅:၄၀	ကြည်စွအယူခန္ဓာ့အလှူ ဓမ္မနှင့်လူ
၁၂:၀၅ - ၆:၀၅	Yangon Panorama (ဦးသုခ ပန်းချီပြပွဲ)
၁၂:၃၀ - ၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅ - ၆:၃၅	ကားချစ်သူတို့အတွက် ကားမိတ်ဆက်ကဏ္ဍ(၂)
၁၂:၄၅ - ၆:၄၅	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇန်နဝါရီ ၄ ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဖတ်ကြားစဉ်။ (၁၂၁)

မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၀၈
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၂၀	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၂၀	၈။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅:၃၀	၉။	ဗွီစီဒီကျော်ကြားတေးများ
၅:၄၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၂၄)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	မေးမြန်းစူးစမ်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နီလာလက်ကောက်** (အပိုင်း-၂၆)

သာသနာဒီပ သဲအင်းဂူ ငါးရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၆

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၁၆)ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် အထူးအဓိဋ္ဌာန် ငါးရက်တရားစခန်းပွဲကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ (ပြာသိုလဆန်း ၁ ရက်မှ ၅ ရက်)အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တ မုနိန္ဒ(ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တ ဇဋိလ(ရန်မျိုးအောင်)၊ ဘဒ္ဒန္တ သီရိန္ဒ(သာသနာဒီပ)၊ ဦးဝိရိယ (၆)ဝိုင်း ဆရာတော်ကြီးများက ဟောကြားပြသမည်ဖြစ်ပြီး တရားအားထုတ်လိုသူများသည် ဇန်နဝါရီ ၇ ရက် ညနေ ၅ နာရီတွင် အမျိုးသားမှတ်ပုံတင်နှင့်တကွ လာရောက်ကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် အချိုပွဲများလှူဒါန်းလိုသူများ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၇၀၉၈၉၁ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၂၅)

မလေးရှားနိုင်ငံနေ Tan Yee Ping နှင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မငွေပဒေသာပင်အလှူငွေကျပ် ၇၇၈၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် ဆရာထွန်းလမ်းနေ မငုဝါလှိုင်၏(၂၅နှစ်)ပြည့်မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ် တစ် သိန်း ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦး အောင် သန်း ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

■ ရှေ့ဖုံးမှ

ထို့နောက်ဝန်ကြီးဦးအောင်သောင်းသည် စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်းရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒဂုန်အချိုရည်နှင့် ရေခဲစက်ရုံသို့ ရောက်ရှိပြီး ရေသန့်ဘူးများနှင့် ဒဂုန်သောက်ရေသန့်ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည့်မီအောင်ထုတ်လုပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် အချိုရည်ဘူးထုတ်လုပ်ငန်းဌာနသို့ ရောက်ရှိပြီး သံဘူးအချိုရည်၊ ဆိုဒါများထုတ်လုပ်ခြင်းနှင့် အရည်အသွေး စစ်ဆေးနေမှုအခြေအနေ၊ ပိုးသတ်ခြင်းလုပ်ငန်းနှင့် ထုပ်ပိုးမှုလုပ်ငန်း၊ ကုန်ထုတ်လိုင်းတစ်လျှောက်နှင့် အချိုရည်သံဘူးများကို သိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကုန်ထုတ်လုပ်မှု လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ကြရန်နှင့် စားသောက်ကုန်ပစ္စည်းများ ဖြစ်သည်နှင့်အညီ G.M.P စနစ်နှင့်အညီ ထုတ်လုပ်ကြရန် မှာကြားသည်။

မှာကြား

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် ဝင်းသူဇာအရောင်းဆိုင် (စမ်းချောင်း)သို့ရောက်ရှိပြီး ကြွေထည်မြေထည်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်အမျိုးမျိုး၊ စတီးလ်နှင့် အိမ်သုံးပစ္စည်းများ၊ ထီး၊ ဖိနပ်နှင့် စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်စက်ဘီး၊ လျှပ်စစ်မော်တော်ဆိုင်ကယ်များ ရောင်းချမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မကောင်းသောအမှု မပြုပါနှင့်

ကိစ္စအမှုတစ်ခုခုကို ပြုလုပ်မိပြီးသော် စိုးရိမ်ပူပန်နောင်တရ၏။

ထိုအမှု၏ ဆိုးကျိုးကိုလည်း မျက်ရည်စက်လက် ငိုကြွေးခံစားရ၏။

ထိုအမှုကို မကောင်းမှုဟု မှတ်ယူရာ၏။

(ဓမ္မပဒ ၆၇)

မြန်မာ့ရိုးရာပန်းချီအနုပညာများ ခံစားနိုင်မည့် 99 Classic ပန်းချီပြပွဲမြင်ကွင်း

အနုပညာသတင်း – မိုးမြင့်လင်းလက် ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ့ရိုးရာပန်းချီ ရေးဆွဲဟန်ဟာ နှစ်ကာလ ဘယ်လောက်ကြာကြာ ကြည့်သူရဲ့ရင်ကို ထိရှနိုင်အောင် ဆွဲဆောင် ဖမ်းစားနိုင်စွမ်းရှိတာမို့ မြန်မာ့ရိုးရာပန်းချီကားတွေရဲ့ အဆင့်အတန်းဟာ မြင့်မားနေဆဲဖြစ်ပါတယ်။

ခင်းကျင်းပြသ

ဒီလို မြန်မာ့ရိုးရာ ပန်းချီဟန်မပျက်ရေးဆွဲထားတဲ့ ပန်းချီကားတွေစုစည်းပြီး “99 Classic”လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲ တစ်ရပ်ကို ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်း သမ္မတဟိုတယ် ပထမထပ်မှာ ဇန်နဝါရီ၄ရက်မှ ၈ရက်အထိ ခင်းကျင်းပြသထားပါတယ်။

ဒီပန်းချီပြပွဲမှာ ၁၉၉၉ခုနှစ်က ရန်ကုန် ပန်းချီပန်းပုကျောင်းဆင်း ကိုးဦးရဲ့ ပန်းချီကားပေါင်း ၃၆ကားကို ခင်းကျင်းပြသ ထားပါတယ်။ ၃ပေx၅ပေ အရွယ်အစားကနေ အသေးဆုံး ၂ပေx၃ပေအရွယ်အစားရှိတဲ့ ဆီဆေးနဲ့ အခရိုင်းလစ် ပန်းချီကားတွေမို့ ပန်းချီကားတိုင်းဟာ ခံ့ခံ့ထည်ထည် ရှိနေပါတယ်။

ဆွဲဆောင်မှု

လူငယ်ပန်းချီဆရာ ကိုးဦးဖြစ်တဲ့ ခိုင်မင်းစိုး၊ ခင်အောင်ခန့်၊ မင်းနိုင်ထွန်း၊ အမ်ဟန်အေး၊ မြတ်ကို၊ နေလှိုင်ဝင်း၊ နိုင်အောင်၊ ရဲမင်းအောင်၊ အက်စ်မိုးဇက်တို့ရဲ့ လက်ရာကောင်း ပန်းချီကားတွေကို ပြခန်းမှာ စိတ်တိုင်းကျ ကြည့်ရှုလေ့လာတဲ့အခါ အားလုံးဆွဲဆောင်မှုရှိတဲ့ ပန်းချီကားတွေချည်း ဖြစ်နေတာ တွေ့ရပါတယ်။

တစ်မျိုး တစ်ဘာသာ

ဒီပန်းချီကားတွေထဲမှာမှ ပန်းချီဆရာ အမ်ဟန်အေးရဲ့ **“အစောင့်”**လို့ အမည်ပေးထားတဲ့ ပန်းချီကားက တစ်မျိုး တစ်ဘာသာ ဆန်းနေပါတယ်။ မန္တလေးတိုင်း အမရပူရမြို့ ကျောက်တော်ကြီးဘုရားအရှေ့မှာရှိတဲ့မနုဿီဟရုပ်တုကို အနီးကပ် ရေးဆွဲထားခြင်းဖြစ်ပါတယ်။ မရန်း၊ အဝါ၊ အနီရောင်တွေ အဓိကထားပြီး ရေးဆွဲထားတာမို့ ကိုယ်ဟန်အချိုးအစား ကျတဲ့ မနုဿီဟရုပ်တုဟာ ရုပ်လုံးကြွနေပါတယ်။ ရုပ်တုအပေါ် အလင်းရောင်ပါးပါးရိုက်ခတ်ထားမှုနဲ့ အရောင်တွေရဲ့ ပက္ခကို အားယူထားမှုကြောင့် မနုဿီဟရုပ်တုဟာ ကြည့်သူစိတ်အာရုံကို ဖမ်းစားနေတော့တာပါပဲ။

ပီပြင်နေ

နောက်ထပ်စိတ်ဝင်စားစရာကောင်းတဲ့ ပန်းချီကား တစ်ချပ်ကတော့ ပန်းချီဆရာ ခင်အောင်ခန့်ရဲ့ ဆီဆေးလက်ရာဖြစ်တဲ့ **“နံနက်ရိတ်သိမ်းပြီးအချိန်”** လို့ အမည်ပေးထားတဲ့ ပန်းချီကားဖြစ်ပါတယ်။ ပုသိမ်မြို့ဝန်းကျင်ဒေသမှာရှိတဲ့ လယ်ယာရိတ်သိမ်းပြီးစီးချိန် နံနက်အလှကို အရောင်၊ အလင်း၊ အရိပ်တွေနဲ့ ဖော်ကျူးထားခြင်းဖြစ်ပါတယ်။ အစိမ်း၊ အပြာငွေ့ငွေ့၊ အဝါရောင်နဲ့ မြူခိုးတွေဝေ့နေမှုက ကျေးလက်ဒေသရဲ့ လှပတဲ့ နံနက်ခင်းကို ပေါ်လွင်အောင် အားဖြည့် လောင်းထားသလိုပါပဲ။ သစ်ပင်တွေရဲ့အလှဟာ အလင်းရောင်ထိုးဆင်းမှုနဲ့ အရိပ်တွေဖြာကျနေမှုကြောင့် ပီပြင်လှပလွန်းနေပါတယ်။ မြို့ပြ အငွေ့အသက် ကင်းဝေးတဲ့ သဘာဝအလှပန်းချီကို စိတ်တိုင်းကျ ခံစားလို့ရပါတယ်။

ဒါ့အပြင် ပန်းချီဆရာ ခိုင်မင်းစိုးရဲ့ အခရိုင်းလစ်နဲ့ ရေးထားတဲ့ **“သက်ငြိမ်”**လို့ အမည်ပေးထားတဲ့ ပန်းချီကားကလည်း တကယ့်ကို စိတ်ဝင်စားဖို့ကောင်းတဲ့ ပန်းချီကားပါပဲ။ လိမ္မော်သီးနှစ်လုံး၊ လိမ္မော်သီးတစ်မြွှာနဲ့ လိမ္မော်သီး အစေ့လေးတွေဟာ တကယ့်အပြင်မှာ တွေ့ရတဲ့အတိုင်း ခြယ်မှုန်းထားနိုင်တာမို့ လှမ်းကိုင် ကြည့်ရတယ်အထိ ဖြစ်ခဲ့ရပါတယ်။ သက်မဲ့အရာဝတ္ထုတွေကို အသက်ဝင်အောင် ရေးဆွဲနိုင်တာဟာ ပန်းချီဆရာရဲ့လက်ရာ ဘယ်လောက်အဆင့်အတန်းမြင့်တယ်ဆိုတာ ဖော်ပြနေတော့တာပါပဲ။

ပန်းချီဆရာ ခိုင်မင်းစိုးရဲ့ အခရိုင်းလစ်နဲ့ ရေးထားတဲ့ “သက်ငြိမ်” ပန်းချီကားကလည်း စိတ်ဝင်စားစရာ။

(မြန်မာ့အလင်း)

“နံနက်ရိတ်သိမ်းပြီးအချိန်”**လို့ အမည်ပေးထားတဲ့ ပန်းချီဆရာ ခင်အောင်ခန့်ရဲ့ ဆီဆေးပန်းချီကားက သဘာဝအလှကို ရေးဆွဲခြယ်မှုန်းထားသည်။**

(မြန်မာ့အလင်း)

လေ့လာသင့်

ဒါကြောင့် ဒီပန်းချီပြပွဲဟာ မြန်မာ့ရိုးရာ ပန်းချီဆရာတွေ အဆင့်အတန်း ဘယ်လောက်မြင့်တယ်ဆိုတာ ပြသတဲ့ ပြပွဲဖြစ်တဲ့အပြင် ပန်းချီအနုပညာကို လူငယ်တွေက ပီပီပြင်ပြင် ဖော်ထုတ်နိုင်တဲ့ပွဲမို့ လေ့လာသင့်တဲ့ ပန်းချီပြပွဲ ဖြစ်ပါကြောင်း ပန်းချီအနုပညာ သတင်းကို ရေးသားဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ရွှေထီးတော်သစ် တင်လှူပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်များကို (ပြာသိုလပြည့်) ဇန်နဝါရီ ၂၂ရက်(အင်္ဂါနေ့) နံနက်၉နာရီ မင်္ဂလာအချိန်တွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဖျော်ဖြေတင်ဆက်

အဆိုပါထီးတော်တင်လှူပွဲကြီးတွင် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ကြည့်ချင်ပွဲများအဖြစ် မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

တင်လှူမည်

၁၃၆၉ခုနှစ် ပြာသိုလပြည့်နေ့ နံနက်၇နာရီတွင် အခမ်းအနားကို စတင်ဖွင့်လှစ်၍ နံနက်၉နာရီ မင်္ဂလာအချိန်တွင် စည်တော်အကများ၊ ဒေဝဝင်း၊ ရာဇာဝင်းများဖြင့် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်၍ ရွှေထီးတော်သစ်ကြီးအား တင်လှူမည်ဖြစ်ရာ ရွှေထီးတော်အတွက် လှူဒါန်းထားကြသော အလှူရှင်များအနေဖြင့် ဇန်နဝါရီ ၂၂ရက် (အင်္ဂါနေ့)နံနက် ၇နာရီတွင် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညိုဖူးမြော်နိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင်က ဖတ်ကြားစဉ်။ (က–ပ)

ဇန်နဝါရီ ၃ ရက်က တာမွေမြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇–၂၀၀၈ ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်သုတဝင်းထွန်းအား အတန်းပိုင်ဆရာမ ဒေါ်ချိုမာက ဆုချီးမြှင့်စဉ်။ (က–ပ)

စာပန်းပွင့်တဲ့ လရာသီ

မောင်ဆုရှင်

နတ်တော်လကို မြန်မာနိုင်ငံ၌ စာဆိုလအဖြစ် အသိအမှတ်ပြုထားကြသည်။ ရှေးခေတ် အစဉ်အလာကိုယူ၍ ခေတ်သစ်တွင် သတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုသို့ သတ်မှတ်သည်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၄ ခုနှစ်က ဖြစ်သဖြင့် နှစ်ပေါင်း ၆၀ ကျော်မျှ ရှိခဲ့ပြီ။ သတ်မှတ်ရန် ရွေးချယ်ခဲ့စဉ်က စာဆိုပညာရှင် တစ်ဦးတစ်ယောက်အတွက်ကို မရည်ရွယ်ဘဲ စာပြုခြင်း၊ စာဆိုခြင်း၊ စာရေးခြင်း ဟူသော စာပေလုပ်ငန်းကြီးကို အခြေပြု၍ သတ်မှတ်ခဲ့ကြသည်။ ထိုအစဉ်အလာသည် ခိုင်မြဲသော မြန်မာ့လူမှုဝေ့ (Institution) တစ်ရပ်အဖြစ် ခိုင်မြဲလာခဲ့ပြီဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် နတ်တော်ဆန်းသော ရာသီကို စာပန်းပွင့်သော လရာသီဟု ဆိုရပါမည်။ ဆိုနိုင်ရန် အကြောင်းများလည်း ယခုအခါ များပြားလှုံလောက်နေပါသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂၃ ရက်နေ့က နေပြည်တော်တွင် အမျိုးသားစာပေဆုပေးပွဲကို သိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ်အတွက် စာပေရာသီကို ပွဲဦးထွက်ခဲ့ခြင်း ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ခန်းမဆောင်တွင် ကျင်းပသော ဆုနှင်းပွဲသို့ တစ်သက်တာစာပေဆု ချီးမြှင့်ခံရသူ အပါအဝင် ဆုရသူ ၃၇ ဦး တက်ရောက်၍ ဆုလက်ခံသည်။ နိုင်ငံတော်အဆင့် ချီးမြှင့်သောပွဲဖြစ်၍ နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များ တက်ရောက်အားပေး ချီးမြှင့်သည်။ စာပေဆုငွေများလည်း ယခုနှစ်အတွက် တိုးမြှင့်၍ ချီးမြှင့်ပါသည်။

ဆုရာသီ စင်တော်အဖွင့်၌ စာပေလောကကို စည်ကားဖွံ့ဖြိုးကြွယ်ဝစေမည့် စာပေဆုပေးပွဲများ ဆက်တိုက်ဆိုသလို လာချေဦးမည်။ ထို့အတူ နောက်ထပ် စာပေဆုဆွတ်ခူးသူများလည်း ပေါ်ထွက်လာဦးမည်။ တစ်ကြိမ်ဆွတ်ခူးသူ၊ အကြိမ်ကြိမ်ဆွတ်ခူးနိုင်သူတို့ကို စာပေပရိသတ်က နှစ်အလိုက် တွေ့ကြရမည်။ စာဆိုရာသီ၌ ပွင့်လန်းဦးမည့် ဆုများတွင် ပြည်သူတို့ကဏ္ဍမှ ပါဝင်ချီးမြှင့်သော ဆုများပါဝင်လာသဖြင့် ရေးသူတို့အတွက် အားတက်ရသည်။ စာဖတ်သူတို့အတွက်လည်း နှစ်သိမ့် ကြည်နူးကြရမည်သာ ဖြစ်သည်။ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် အားပေးသူများ များပြားလာခြင်းပင်ဖြစ်သည်။ နိုင်ငံတကာသို့ မြန်မာစာပေ ထိုးဖောက်နိုင်ရေးအတွက် လမ်းသစ်ဖွင့်လိုသူတို့လည်း တိုးပွားလာဖို့ ရှိပေမည်။

နောက်ထပ်ပေါ်ထွက်မည့် စာပေဆုများမှာလည်း မြန်မာစာပေအကျိုးကိုရည်၍ တာထွက်ခဲ့ကြခြင်းပင်။

ထိုဆုများအနက် ပခုက္ကူဦးအုံးဖေ၏ စာပေဆုမှာ (၁၄)ကြိမ်မျှ ရှိတော့မည်။ ၁၉၉၃ခုနှစ်က ချီးမြှင့်ခဲ့ခြင်းဖြစ်၍ ဆုရစာမူပေါင်း ၁၈၆အုပ် ရှိခဲ့ပြီ။ မူလအလှူရှင် ဦးအုံးဖေ၏ အသက် ၇၆နှစ် အရွယ်မှစ၍ နိုင်ငံတော်သို့ ဆုအတွက် ရန်ပုံငွေလွှဲအပ်ခဲ့ရာ ဆုများကို နှစ်စဉ် ချီးမြှင့်ပြီးနောက် ဦးအုံးဖေသည်ပင် အသက် (၉၀) အရွယ်သို့ ရောက်ခဲ့ပြီ။ ထိုကာလအတွင်း၌ ဦးအုံးဖေကိုယ်တိုင် ကလောင်ရှင်တစ်ဦးအဖြစ် နာမည်ရခဲ့သည်။ ထိုသို့ လှူဒါန်းပြီးနောက်ပိုင်း စာပေဆုအလှူရှင်၏ လူမှုရေးအလှူများအနက် ပခုက္ကူမြို့နှင့် သူ့ဇာတိနှင့် ပဝတ္တိဖြစ်သော ကျေးရွာများတွင် စာကြည့်တိုက်သုံးခုကို တည်ဆောက်လှူဒါန်းခဲ့ပြီး ဖြစ်သည်။ ပခုက္ကူစာပေစင်မြင့်မှ စာပေလောကသို့ ဝင်ရောက်ခွင့်ရခဲ့သော ကလောင်ရှင်များလည်း ရှိခဲ့ပေသည်။

ပခုက္ကူစာပေဆု တည်ထောင်စဉ်က စတင်ချီးမြှင့်ခဲ့သော တစ်သက်တာဆုများတွင် ဆရာသုခ၊ ဆရာမောင်ထင်၊ ဆရာရန်အောင်၊ ဆရာတက်တိုး၊ ဆရာဒဂုန်တာရာနှင့် ဆရာပါရဂူ အပါအဝင် စာပေပညာရှင် ၁၇ ဦးကို ချီးမြှင့်နိုင်ခဲ့သည်။

ဆုသက်တမ်း ဝါစဉ်အားဖြင့် နောက်ထပ်ဆုတစ်မျိုးကို ဖော်ပြရလျှင် "ဆရာဝန်တင်ရွှေစာပေဆု" ဖြစ်၏။ လာမည့် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲမှာ (၆)ကြိမ်မြောက် ဆုပေးခြင်းဖြစ်လိမ့်မည်။ "ဆရာဝန်တင်ရွှေဆု" ကို ၁၉၉၁ ခုနှစ်တွင် ဆရာဝန်တင်ရွှေ ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်အေးသန့်နှင့် သားသမီးတစ်စုက ဆရာတည်ထောင်ခဲ့သော "တင်ရွှေစာပေ"ကို ဆက်ခံလျက် ဆရာအား အမှတ်တရ စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က တင်ရွှေစာပေအတွက် ဆုရွေးချယ်ရေးလုပ်ငန်းကို ကူညီသည်။ ယခုအခါ ၂၀၀၂ခုနှစ်မှစ၍ ဆရာဝန်တင်ရွှေမိသားစုက ချီးမြှင့်ခဲ့သော ဆုများတွင် မြန်မာဘာသာ စာအုပ် ၁၁ အုပ်၊ အင်္ဂလိပ်ဘာသာ စာအုပ်သုံးအုပ်တို့ကို ဆုချီးမြှင့်နိုင်ခဲ့ပြီး ဖြစ်သည်။

ထိုဆု၏ နောက်ပိုင်း စာပေသဒ္ဒါထက်သန်၍ ချီးမြှင့်ခဲ့သော စာပေလုပ်ငန်းအဖွဲ့အစည်းမှာ သုတစွယ်စုံစာပေတိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာ ခင်မိုးမိုးတို့ ဖြစ်သည်။ **"သုတစွယ်စုံ"**အမည်ကို လူထုပါးစပ်ဖျားတွင် စတင်သုံးစွဲပြီး အောင်မြင်လာခဲ့သော ဤတိုက်သည် ၂၀၀၃ ခုနှစ်မှစ၍ သုတစွယ်စုံ စာပေဆုကို ချီးမြှင့်ခဲ့သည်။ ၂၀၀၆ ခုနှစ်အတွက် ဆုပေးပွဲပါနှင့်ဆိုလျှင် တတိယအကြိမ် မြောက်ပေတော့မည်။ သုတစွယ်စုံစာပေဆုမှ စာအုပ်ဆု ဆွတ်ခူးသူပေါင်း ၁၀ ဦး ရှိခဲ့ပြီ။ သုတစာပေဆုတွင်လည်း တစ်သက်တာစာပေဆုဟု သတ်မှတ်၍ ပုဂ္ဂိုလ်နှစ်ဦးကို ချီးမြှင့်ပြီး ဖြစ်သည်။ ထိုနှစ်ဦးမှာ ဆရာသိပ္ပံမျိုးတင်နှင့် ဆရာပါရဂူတို့ ဖြစ်သည်။

စာပန်းပွင့်ရန် ကျန်ရှိနေသေးသော ဆုများအနက် ၂၀၀၆ ခုနှစ်အတွက် မကြာမီ ဆုပေးပွဲကျင်းပမည့် "ထွန်းဖောင်ဒေးရှင်းစာပေဆု" မှာ ဒုတိယနှစ်သက်တမ်းသို့ ရောက်ပြီဖြစ်သည်။ ထွန်းဖောင်ဒေးရှင်း၏ စေတနာနှင့် ထောက်ပံ့အားကြောင့် လက်ရှိအားဖြင့် ဆုဘာသာရပ် အမျိုးအမည် ရှစ်မျိုး သတ်မှတ်ထားသည်။ ဆုတစ်မျိုးလျှင် စာအုပ်ဆု၊ စာမူဆုနှင့် အင်္ဂလိပ်ဘာသာဆုဟူ၍ သုံးမျိုးသတ်မှတ်ထားရာ စာပေလက်ရာရှင်များအနက် သတ်မှတ်ထားသော ဆုဘာသာရပ်အားလုံးကို ရွေးချယ်နိုင်လျှင် ဆုပေါင်း ၂၄ ဆုအထိ ချီးမြှင့်နိုင်မည်ဖြစ်သည်။ ထွန်းဖောင်ဒေးရှင်း စာပေဆုများကို ၂၀၀၅ ခုနှစ်အတွင်း ထုတ်ဝေသော စာအုပ်များနှင့် ယှဉ်ပြိုင်သော စာမူများအနက်မှ စာအုပ်ဆု ရှစ်ဆု၊ စာမူဆု နှစ်ဆုတို့ကို ချီးမြှင့်နိုင်ခဲ့ပြီး ဖြစ်သည်။ ၂၀၀၆ ခုနှစ် ဆုများကိုလည်း ရွေးချယ်ပြီးကြောင်း ကြားသိရသည်။

ထွန်းဖောင်ဒေးရှင်းဆုတွင် စာအုပ်ဆု၌ ဆုငွေနှင့်အတူ ရွှေတံဆိပ်တစ်ခုစီ ချီးမြှင့်သည်။ စာမူဆုအတွက် ဆုငွေကိုသာ ခံစားခွင့်ရှိ၏။ ထွန်းဖောင်ဒေးရှင်းစာပေဆု ကော်မတီသည် စာအုပ်နှင့်စာမူများ ပြိုင်ပွဲဝင်ခြင်းကိုလည်း လက်ခံသည်။ ပြီးခဲ့သော တစ်နှစ်အတွင်းက ထုတ်ဝေသော မြန်မာနိုင်ငံသားများ ရေးသားသည့် စာအုပ်များမှလည်း ချမှတ်ထားသော စည်းကမ်းနှင့်ညီနိုင်းလျက် ထိုက်သင့်သည်ဟု ရွေးချယ်ရေးကော်မတီက ယူဆသောစာအုပ်များရှိပါက ရွေးချယ်ချီးမြှင့်သည်။

ဤသို့ဖြင့် မျက်မှောက်ခေတ် မြန်မာစာပေတွင် **ဝိုင်အမ်ဘီအေ စာပေဆု၊ သစ္စဝါဒီဆု၊ နဂါးနီအသင်းဆု၊ မြန်မာနိုင်ငံ သုတေသနအသင်းဆု၊ စာရေးဆရာအသင်းဆု၊ စာပေဗိမာန်ဆု** စသည်တို့မှ စခဲ့သော စာပေပညာရှင်၊ ကလောင်ရှင်တို့အား ဂုဏ်ပြုအားပေးသော အစဉ်အလာသည် ပြတ်လပ်သည်ဟု မဆိုနိုင်ဘဲ **"နိုင်ငံကြော့ ပြည်သူမှာ"** ဟု ဆိုရလောက်သည့် စုစည်းမှုဖြင့် ပြည်သူတို့အတွင်း ထွန်းကားမှုတစ်ရပ်ပင်ဖြစ်သည်။ မြို့နယ်ဒေသအလိုက်၊ အဖွဲ့အစည်းအလိုက် စာဖတ်သူတို့ကိုယ်စား ရွေးချယ်ချီးမြှင့်သော ဆုများလည်း ကြိုးကြားရှိပေသေးသည်။

စာပေရေးသားမှုကိစ္စကို ယေဘုယျကြည့်လျှင် ဆုပေးခြင်း၊ ဆုရခြင်း သဘောမှာ ဆုအတွက် သတ်မှတ်ချက်များနှင့် တိုက်ရိုက်စပ်ဆိုင်သည်။ လူကြိုက်များမှု၊ ပေါ်ပင်ဖြစ်မှု စသည်တို့နှင့် တစ်စိတ်တစ်ပိုင်းဆိုင်သည်။ စာဖတ်သူတို့၏ လိုအင်ဖြစ်စေ၊ သို့တည်းမဟုတ် အခြေအနေအချိန်အခါ၏ လိုအင်နှင့်လည်း စပ်ဆိုင်နေပါသည်။ အဓိကမှတ်ကျောက်မှာ အများအကျိုးဖြစ်စေနိုင်သော အားထုတ်မှုလက်ရာမြောက် မမြောက်နှင့်လည်းဆိုင်သည်ဟု ဆိုရပါမည်။ စာပေသည် အက္ခရာစာလုံးဖြင့် အခိုင်အမာ တင်အပ်သော သဘောရှိသဖြင့် ဖတ်ရှုသူတို့ နှစ်သက်သလို ရေရှည်စိမ့်ဝင်တတ်သော သဘောရှိသည်။ ဤသည်မှာ စာပေရသက ပေးတတ်သော သြဇာအစွမ်းဖြစ်သည်။

စာရေးသူတို့အဖို့ ဦးစွာရရှိအပ်သော ကျေနပ်မှုမှာ မိမိရေးသားလိုသော စာတစ်ပုဒ်၊ စာတစ်အုပ် ပြီးမြောက်သွားခြင်းက ပဓာနဖြစ်သည်ဟု တွေးမိပါသည်။ သို့သော် ပုထုဇဉ်တို့ဘာဝ အသိအမှတ်ပြုခံရခြင်း ရှိလျှင်လည်း နှစ်သိမ့်ဝမ်းမြောက်ရသည်သာ ဖြစ်သည်။ ယခုခေတ်တွင် စာပေရေးသားမှုကို ဘဝလုပ်ငန်းအဖြစ် သက်မွေးဝမ်းကျောင်းပြုသူ အများစုတို့ အဖို့မှာကား လုပ်ငန်း၏အောင်မြင်မှုပင် ဖြစ်သည်။

စာရေးသူတို့၌ အတတ်ပညာ ရှိအပ်သလို ကျင့်ဝတ်နီတိများ ရှိအပ်ပါသည်။ စာရေးခြင်းသည် လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဝါသနာဘာဂီမျိုးအဖြစ်ခံယူ၍ ရွေးချယ်လိုက်စားကြသည်များလည်း ရှိသည်။ သို့ရာတွင် သုတရသစာပေရေးသူတို့၌ သွက်လက်စွာ ရေးသားထုတ်လုပ်ကျင့် လိုအပ်သော်လည်း ရေးသမျှ၊ ခံစားသမျှ၊ ဆန္ဒရှိသမျှတို့ကို အတင့်အတယ်ဖြစ်စေရန်၊ နားဝင်စေရန်၊ မလိုသော အကျိုးတရား မပေါ်ပေါက်စေရန် စောင့်စည်းတတ်ရသည့် ထုံးအစဉ်အလာလည်း ရှိရမြဲဖြစ်ပါသည်။

စာပန်းပွင့်သော ဤရာသီတွင် ဆက်တိုက် ကျရောက်သော လွတ်လပ်ရေးပွဲ၊ ပြည်ထောင်စုပွဲတို့က စာပေ၏ရေသောက်မြစ်ကို ဖော်ညွှန်းပေးကြလိမ့်မည်။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က စာအုပ်ဈေးပွဲတော်တစ်ရပ်ကို ကျင်းပလျက်ရှိသည်။ နယ်များ၌ စာပေဟောပြောပွဲများ စနစ်တကျ ကျင်းပနေသည်။ စာပန်းပွင့်သော လရာသီကို စာပေချစ်သူတို့က ကာလတိုးချဲ့ ဆင်နွှဲလျက်ရှိရာ ဓနုရာသီ နတ်တော်လမှ မကာရရာသီ ပြာသိုနှင့် ကုံရာသီ တပို့တွဲတို့ကို ကျော်လျက် မိန်ရာသီ တပေါင်းအထိပင် စာပေသဘင် နှစ်စဉ် ကျင်းပနေကြသည်။ နိုင်ငံ၌ စာပေဆုများ ပွားများလာသလို စာရေးခြင်း အတတ်ပညာနှင့် စာပေရေးသားမှုတို့ကိုလည်း ဆယ့်နှစ်ရာသီ ပွားများအပ်သည်ဟု စာပန်းရဂုံတွင် အခါသင့် အခွင့်ကြုံသမျှ မွေ့လျော်လိုစိတ်ဖြင့် တွေးမိပါသည်။ ။

ငါးနှစ်ဆက်တိုက် ပထမဆုရ

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ၂၀၀၆-၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ် ဆက်တိုက် ပထမဆုရ မဖူးဟေမာန်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းကွန်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ဆုချီးမြှင့်

ဇန်နဝါရီ၃ရက်က အမက(၂၈) တာမွေ၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ်အတွက် ပညာရေးစုံညီပွဲတော် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဘက်စုံထူးချွန်ဆုငါးဆုအပါအဝင် ထူးချွန်ဆုပေါင်း ၁၄ ဆုရရှိသော စတုတ္ထတန်းမှ မဆုသဉ္ဇာဝင့်အား ကျောင်းအုပ်ဆရာကြီး ဦးတင်ထွေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ဒဂုံမြို့သစ်(မြောက်ပိုင်း)စေတနာညကျောင်းသို့ စာသင်ခုံများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စေတနာညကျောင်းသို့ စာသင်ခုံများ၊ အထူးထုတ်စာအုပ်များ လှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီခွဲက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဝင်းသူဇာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အားပေးချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကား ပြောကြားပြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် စေတနာညကျောင်းသို့ စာသင်ခုံများ၊ အထူးထုတ် စာအုပ်များနှင့် အလှူငွေကျပ်လေးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က လက်ခံယူသည်။**(ယာပုံ)**

ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း ဥက္ကဋ္ဌက လက်ခံယူသည်။

ယင်းနောက် မြို့နယ်အသင်း ဥက္ကဋ္ဌက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရာ ဒေါ်မာမာဝေက လက်ခံယူပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်အသင်း ဥက္ကဋ္ဌက လက်ခံယူသည်။

ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စေတနာညကျောင်းသို့ အလှူငွေကျပ် ငါးသိန်း အပါအဝင် စာသင်ခုံ၊ အထူးထုတ်စာအုပ်နှင့် ဗလာစာအုပ်စုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၈၂၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

နှစ်(၆၀)ပြည့် မြန်မာ့လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံ အကြီးအကဲများ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံသို့လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိသည်။

ဆော်ဒီအာရေဗျနိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်မင်းမြတ် အဗ္ဗဒူလ်အာဇစ်အယ်လ်ဆာအုဒ်ထံမှပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ထူးမြတ်သော အခါသမယတွင် ဆော်ဒီအာရေဗျနိုင်ငံ ပြည်သူများအနေဖြင့် လည်းကောင်း၊ အစိုးရအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ သဝဏ်လွှာပါးအပ်ပါကြောင်း၊ အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အသက်ရာကျော်ရှည်ပြီး မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့ ဆော်ဒီအာရေဗျနိုင်ငံ အိမ်ရှေ့မင်းသား ဆူလ်တန်ဘင်အဗ္ဗဒူလ်အာဇစ် အယ်လ်ဆာအုဒ်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

တောင်အာဖရိကသမ္မတနိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တောင်အာဖရိကသမ္မတ နိုင်ငံ သမ္မတ မစ္စတာသာဘိုအမ်အမ်ဘီကီထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယ တွင် တောင်အာဖရိကသမ္မတနိုင်ငံအစိုးရနှင့် မိမိတို့က အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါ ကြောင်း၊ အစိုးရနှင့်မြန်မာပြည်သူပြည်သားများ ကြီးပွားတိုးတက်ရန် ဆုမွန် ကောင်း တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတမစ္စတာဟူကျင်တောင်ထံမှပေးပို့သောသဝဏ်လွှာ၌ တရုတ်ပြည်သူ များအနေဖြင့် လည်းကောင်း၊ မိမိအနေဖြင့် လည်းကောင်း အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတို့ကို ဘုံတောင်တန်းများနှင့် မြစ်ကြီးများဖြင့် ဆက်သွယ်ထားကြောင်း၊ နှစ်နိုင်ငံပြည်သူများသည် မွေးချင်းပေါက်ဖော် များဖြစ်ကြ၍ ဂုဏ်ယူမဆုံးဖြစ်ရပါကြောင်း၊ တရုတ်–မြန်မာဆက်ဆံရေးကို အနာဂတ်တွင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေး နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ပေးပို့သောသဝဏ်လွှာ၌ မြန်မာနိုင်ငံ၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့်လည်းကောင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပြည်သူများအနေဖြင့် လည်းကောင်း ဂုဏ်ပြုဝမ်းမြောက်ကြောင်း၊ သဝဏ်လွှာပေးပို့ပါကြောင်း၊ တရုတ်အစိုးရအနေဖြင့် တရုတ်နှင့် မြန်မာနိုင်ငံတို့ အကြား မွေးချင်းပေါက်ဖော် ဆက်ဆံရေးကို အလေးအနက်တန်ဖိုးထားပါ ကြောင်း၊ အကျိုးရှိသော အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးပွားရန်နှင့် တရုတ်နှင့် မြန်မာ ဆက်ဆံရေးတိုးမြှင့်ရန် ဆန္ဒရှိပါကြောင်း စသည်ဖြင့် ဖော်ပြသည်။

ထို့အတူ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာရန်ကျဲချီကလည်း နိုင်ငံခြားရေး ဝန်ကြီးဦးဉာဏ်ဝင်းထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ကိုရီးယားဒီမိုကရက်တစ် သမ္မတနိုင်ငံ ပြည်သူ့ဦးစီးလွှတ်တော် သဘာပတိအဖွဲ့ဥက္ကဋ္ဌ မစ္စတာကင်ယုံနမ်ထံမှ ပေးပို့သော သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခါ သမယတွင် အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဂုဏ်ယူဝမ်းမြောက် ကြောင်း သဝဏ်လွှာပါးအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးသည် ရာစုနှစ်သစ်တွင် ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး နိုင်ငံတော်စည်ပင်ဝပြောရေး အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြထား သည်။

တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဒုတိယဝန်ကြီးဗိုလ်ချုပ်သိန်းထွန်း ဆိုက်ခေါင်နှင့် ဆီဆိုင် ဒေသဆက်သွယ်မှုဖွံ့ဖြိုးရေးဆောင်ရွက်ပေး

ရန်ကုန် ဇန်နဝါရီ ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၉ရက်က ပျော်ဘွယ်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး လိုင်း ၃၀၀ ထပ်မံတိုးချဲ့နိုင်ရေး အမြန်ဆောင်ရွက်နိုင်ရန်မှာကြား ပြီး အော်တိုအိတ်ချိန်း တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဟဲဟိုးမြို့

ဒီဇင်ဘာ ၃၁ရက်တွင် ဒုတိယ ဝန်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့သို့ရောက်ရှိပြီး ဟဲဟိုးမြို့တွင် အော်တိုအိတ်ချိန်း တပ်ဆင်ပေးမည့် ကိစ္စများအား ညှိနှိုင်းဆောင်ရွက်ပေး သည်။

တောင်ကြီးမြို့

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့သို့ရောက်ရှိပြီး မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားကာ တောင်ကြီးမြို့ အော်တိုအိတ်ချိန်းစာတိုက် နှင့် ကြေးနန်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။

ဇန်နဝါရီ၃ရက်တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်း အေးနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းတို့သည် တောင်ကြီး မြို့မှ ဆီဆိုင်မြို့သို့ ထွက်ခွာခဲ့ပြီး ဆိုက်ခေါင်နှင့် ဆီဆိုင်ဒေသ ဆက် သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများ စီစဉ် ဆောင်ရွက်ပေးသည်။ ဒုတိယဝန်ကြီး သည် ဇန်နဝါရီ ၂ရက်တွင် လွိုင်ကော်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှဝန်ထမ်း များအား တွေ့ဆုံအမှာစကားပြောကြား ပြီး လွိုင်ကော်မြို့ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လွိုင်ကော်မြို့တွင် တပ်ဆင်မည့် GSM စီမံကိန်းအား အချိန်မီပြီးစီးနိုင်ရေးနှင့် တယ်လီဖုန်း ဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေး အတွက် အဝေးလိုင်းများ တိုးချဲ့တပ်ဆင် နိုင်ရန် မှာကြားသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး ရေစက်၊ မီးစက်နှင့် လမ်းဖွင့်ပွဲ ကျောက်ပန်းတောင်းမြို့နယ်တွင် ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် လယ်ကြီး(မြောက်)ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ရေစက်၊ မီးစက်နှင့် လမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် နံနက် ၇နာရီက အဆိုပါကျေးရွာမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရေစက်၊ မီး စက်နှင့် လမ်းများကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မျိုးလွင်၊ ဖြစ်မြောက်ရေး ကော်မတီ နာယက ဦးကြည်အေး၊ ကော်မတီ ဥက္ကဋ္ဌ ဦးမောင်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌဦးမင်းလွင်တို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို ဆရာတော် ဦးဝိစိတ္တက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် ရေ စက်၊ မီးစက်၊ ခလုတ်ခုံအား မြို့နယ် ဥက္ကဋ္ဌဦးအောင်မျိုးလွင်က ဖွင့်လှစ်ပေး သည်။

အကျိုးပြုနိုင်မည်

ကျောက်ပန်းတောင်းမြို့နယ် လယ် ကြီး(မြောက်)ကျေးရွာတွင် ဖွင့်လှစ် သော ရေစက်၊ ရေကန်၊ မီးစက်၊ မီးကြိုးနှင့် မီးတိုင်များ၊ ရွာတွင်းလမ်း များ ပြုပြင်ခြင်း လုပ်ငန်းတို့ကို ငွေကျပ် သိန်း ၇၀ကျော် အကုန်အကျခံ ဆောင် ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်း မြောက် ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်း တိုက် ပုပ္ပားကျောင်း ဆရာတော် ဦးဝိစိတ္တအမှူးပြု၍ ရန်ကုန်မြို့နေ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ကျေးရွာပြည်သူများ စုပေါင်း ထည့်ဝင် လှူဒါန်းငွေများဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၂၀၀ ကျော်ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇီဝမျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြု ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ကွန်ကရစ်လမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၁၉)ရပ်ကွက် မာလာမြိုင် ၁ လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ် လမ်း သစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါလမ်း၌ ကျင်းပ သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး အမှတ်(၁၉) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကွန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ နာယက ဦးအောင်သန်းတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကို လှိုင်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြကွန်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ နာယက ဦးလှကြွယ်တို့က ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ယာပုံ)**

အကုန်အကျခံဆောင်ရွက်

အဆိုပါ အမှတ်(၁၉)ရပ်ကွက် မာလာမြိုင် ၁ လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်သည် အကျယ် ၁၂ပေ၊ အရှည်ပေ ၅၀၀ဖြစ်ပြီး လမ်းသူ လမ်းသားများနှင့် စေတနာရှင်၊ အလှူရှင် များ၏ ထည့်ဝင်မှုဖြင့် ငွေကျပ်၂၇သိန်း အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သာကေတ သဘာဝဓာတ်ငွေ့သုံး တာဘိုင်ဓာတ်အားပေးစက်ရုံ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ၃၁ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တိုင်း သာကေတမြို့နယ်ရှိ သဘာဝဓာတ်ငွေ့သုံး တာဘိုင်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ စက်ရုံစက်စွမ်းအားပြည့်လည်ပတ် ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးအတွက် ဓာတ်ငွေ့သုံး တာဘိုင်စက်နှစ်လုံး လည်ပတ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေများနှင့် ရေနွေးငွေ့သုံး တာဘိုင်ဓာတ်အားပေးစက် ထိန်းချုပ်ခန်းရှိ Main Processing Unitများ ကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးနှင့်အဖွဲ့အားစက်ရုံ ရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးထွန်းလှိုင်၊ ဓာတ် ငွေ့/ရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံများဌာန အင်ဂျင်နီယာချုပ် ဦးသန်းလွင်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်လတ်နှင့် လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာန ဌာနခွဲ(၁) ရန်ကုန်အင်ဂျင်နီယာမှူးကြီး ဦးညွန့်သန်းတို့က သာကေတ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံရှိ စက်များ ကြံ့ခိုင်မှုနှင့် ရေရှည်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးက စက်ကြံ့ခိုင်မှု ဆောင်ရွက်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားကြရန် မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ထပ်မံမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကုတ် ဝိပဿနာအဖွဲ့ချုပ် ဝါပအထူး၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့ အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၌ တစ်လနှစ်ကြိမ် တရားစခန်းပွဲများကို နှစ်စဉ်မပြတ်၊ လစဉ်မပြတ် ကျင်းပလျက်ရှိရာ ဇန်နဝါရီ၁၃ရက်မှ ၂၂ရက် (ပြာသိုလဆန်း ၆ရက်မှ ၁၅ရက်) အထိ ကျင်းပမည့် ဝါပအထူး၁၀ရက် တရားစခန်းပွဲ၌ အဖွဲ့ချုပ် ကမ္မဋ္ဌာန စရိယ လေးထောင့်ကန်ဆရာတော် ဘဒ္ဒန္တသြဘာသအရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသောယောဂီများ ဇန်နဝါရီ၄ရက် မွန်းတည့် ၁၂နာရီမှစ၍ ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃လမ်းမှတ်တိုင်အနီး) တွင် အမှတ်၅၃/၅၄ အပေါ်ဆုံးထပ် ဗဟိုစည်အိမ်ရာ လမ်းမတော် မြို့နယ်နေ ဦးတင်ဝင်း-ဒေါ်ကြူ သားသမီး၊ မြေးတစ်စုက ငွေကျပ် တစ်သိန်းကို ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မုံရွာ၌ စာလျှောက်စာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ပိဋကတ်စာကြည့်တိုက်၏ ပိဋကာလင်္ကာရာဘိဝံသနှင့် ပိဋကာလင်္ကာရ သာမဏေကျော်စာလျှောက်စာမေးပွဲကို ၁၃၆၉ ခုနှစ် ပြာသိုလမှစ၍ ကျင်းပမည်ဖြစ်သည်။

စာလျှောက်စာမေးပွဲတွင် ရဟန်းတော်များအတွက် နှုတ်ထောက်အာဂုံဆောင်ကို ပြာသိုလပြည့်ကျော် ၂ ရက်နှင့် ၃ ရက်၊ ရေးဖြေ(စာချတန်း)ကို ၅ ရက်မှ ၉ ရက်အထိလည်းကောင်း၊ သာမဏေများအတွက် နှုတ်ထောက်အာဂုံဆောင်ကို ပြာသိုလပြည့်ကျော် ၁၂ ရက်မှ ၁၄ ရက်အထိ၊ ရေးဖြေကို တပို့တွဲလဆန်း ၁ ရက်မှ ၃ ရက်အထိလည်းကောင်း မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ မုံရွာမြို့ ဆုတောင်းပြည့်ဘုရားကြီး၌ ကျင်းပမည်ဖြစ်သည်။

လျှောက်လွှာများကို ၁၃၆၉ ခုနှစ် နတ်တော်လပြည့်နေ နောက်ဆုံးထား၍ မုံရွာမြို့ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး ပိဋကတ်စာကြည့်တိုက်ဘုရားကြီးရပ် ဖုန်း-၀၇၁-၂၂၈၉၃နှင့် ၂၁၃၁၉ တို့သို့ ဆက်သွယ်စုံစမ်းတင်သွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ၁၂လမ်းအမှတ်(၈၂) နေဒေါ်ကျင်နွဲ့ မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို တိပိဋက ကျောင်းအနုနာယက ဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူ-ပြီး တိ=နိ(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မွေးမြူရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးကျင်းပသော မြန်မာ့ပဲမျိုးစုံ တန်ဖိုးမြှင့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်၂၉ရှိ UMFCCI Office Tower မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ကုန်သွင်းကုန် လုပ်ငန်းများမှန်ကန်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းချုပ်၏ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ပဲနှင့် ပဲထွက်အစုအဖွဲ့ဝင်များ၊ ပဲခွဲခြမ်းစက် လုပ်ငန်းရှင်များနှင့် တန်ဖိုးမြှင့် ပဲများကို ပြည်ပသို့တင်ပို့နေသော ပို့ကုန် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တင်ပြဆွေးနွေး

ရှေးဦးစွာ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး အထွေထွေမန်နေဂျာ ဦးတိုးအောင်မြင့်က မြန်မာ့ပဲမျိုးစုံ နှစ်အလိုက် စိုက်ပျိုးထုတ်လုပ်တင်ပို့မှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းအောင်က မြန်မာ့ပဲ တန်ဖိုးမြှင့်လုပ်ငန်း လေ့လာသုံးသပ်ချက်ကိုလည်းကောင်း၊ ပဲခွဲစက်လုပ်ငန်းရှင် အာကာဦးကုမ္ပဏီဒါရိုက်တာ ဒေါက်တာမျိုးလွင်က မြန်မာ့ပဲတန်ဖိုးမြှင့် အခွံချွတ် အခြမ်းခွဲခြင်းလုပ်ငန်း နည်းပညာ လေ့လာသုံးသပ်ချက်ကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်စိုးက အသား၊ ဥနှင့် နို့ကဏ္ဍ မွေးမြူရေးအစားအစာ လိုအပ်ချက်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌ ဦးအုန်းလွင်က ငါး၊ပုစွန်အစားအစာလိုအပ်ချက်ကိုလည်းကောင်း၊ KKSငါးစာကုမ္ပဏီဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်က တိရစ္ဆာန်အစားအစာနည်းပညာနှင့် စက်ကိရိယာများ အကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြု မကွေးမြို့နယ်တွင် နှစ်လက်မ အလှူရှင် စက်ရေတွင်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၆

နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့နယ် အေးမြသာယာ ကျေးရွာ၌ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် နှစ်လက်မ အလှူရှင် စက်ရေတွင်းသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် နှစ်လက်မ အလှူရှင် စက်ရေတွင်းသစ်နှင့် ပတ်သက်၍ မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုက ရှင်းလင်း တင်ပြပြီး စက်ရေတွင်းသစ်ကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုံ့မော်နှင့် စက်ရေတွင်း အလှူရှင်၏ ကိုယ်စားလှယ် ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ဆက်လက်၍ စက်ရေတွင်းသစ် ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ နှစ်လက်မစက်ရေတွင်းသစ်သည် ရန်ကုန်မြို့ ဖိုးစိန်လမ်း အမှတ် ၂၇ ဘီနေ ဦးသိန်းညွန့်၊ ဒေါ်မြကြည်မိသားစု လှူဒါန်းငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး စက်ရေတွင်း၊ ရေစက်အင်ဂျင်၊ ရေစက်ရုံ၊ ရေဂါလန် ၄၀၀ဆံ့ အုတ်ရေကန် အပါအဝင် ကုန်ကျငွေကျပ် ၁၈၀၀၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

*** ရှေ့ဖုံးမှ**

အလားတူ ကျေးလက်ဒေသနေ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ထိရောက်စွာ ပေးနိုင်ရေးမူဝါဒတစ်ရပ်ကို ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေး ဝန်ကြီးဌာန လက်အောက်ရှိ တိုင်းရင်းဆေးပညာ ဦးစီးဌာနသည် ဖော်ပြပါမူဝါဒများနှင့် ကျေးလက်နေ ပြည်သူများ၏ ကျန်းမာရေးကို ထိရောက်စွာ ကုသပေးနိုင်ရေးအတွက် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး စက်ရုံနှစ်ရုံ၊ ပရဆေးဥယျာဉ် ကိုးခု၊ တိုင်းရင်းဆေး တက္ကသိုလ် တစ်ခု၊ ပြည်နယ်နှင့် တိုင်းများတွင် တိုင်းရင်းဆေးရုံ ၁၄ခု၊ တိုင်းရင်းဆေးခန်း ၂၃၇ ခုတို့ဖြင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် ပရဆေးပင်များ မျိုးပွားရေး၊ ရှားပါး ပရ ဆေးပင်များ ထိန်းသိမ်းရေး၊ တိုင်းရင်း ဆေးဝါးစက်ရုံများအတွက် ပရဆေး ကုန်ကြမ်း ဖူလုံစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ပရဆေးဥယျာဉ်များကို ပြုစုထူထောင်လျက်ရှိရာ–

(က) အမျိုးသားပရဆေး ဥယျာဉ် နေပြည်တော်

(ခ) ရွာသာကြီး ပရဆေးဥယျာဉ် ရန်ကုန်မြို့

(ဂ) ကြို့ကုန်း ပရဆေးဥယျာဉ် လှည်းကူးမြို့

(ဃ) ရေတံခွန်တောင် ပရဆေး ဥယျာဉ် ပုသိမ်ကြီးမြို့

(င) တိုင်းရင်းဆေးတက္ကသိုလ် ပရဆေးဥယျာဉ် မန္တလေးမြို့

(စ) ဖောင်းတောပရဆေးဥယျာဉ် ပြင်ဦးလွင်မြို့

(ဆ) သစ်တပ်ပရဆေး ဥယျာဉ် နေပြည်တော်ပျဉ်းမနား (ရေဆင်း)

(ဇ) ဆည်ပေါက် ပရဆေး ဥယျာဉ် ကျောက်ပန်းတောင်းမြို့

(ဈ) အေးသာယာ ပရဆေး ဥယျာဉ် တောင်ကြီးမြို့ (အေးသာယာ)

တို့ကို ပြုစုပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။ အထက်ဖော်ပြပါ ပရဆေးဥယျာဉ်များအနက် နေပြည်တော် အမျိုးသား ပရဆေးဥယျာဉ်အကြောင်းကို မြန်မာ့အလင်း ပရိသတ်များ သိရှိဗဟုသုတများတိုးပွားစေရန်သွားရောက်မေးမြန်း စေ့ငုခဲ့ပါသည်။

နိုင်ငံ တစ်ဝန်း ဒေသ အသီးသီးက ပရ ဆေးပင်ကို ထိန်းသိမ်း မျိုးပွား ပေးပါတယ်။

ဦးအောင်မြတ်ကျော် (ဒုတိယ ညွှန်ကြားရေးမှူးချုပ် တိုင်းရင်းဆေးပညာ ဦးစီးဌာန)

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြတ်ကျော်အား မြန်မာ့အလင်း သတင်းအဖွဲ့ တွေ့ဆုံရာ ဆရာဦးအောင်မြတ်ကျော်က **“ဒီအမျိုးသားဥယျာဉ်ကို မြေဧက ၁၉၆ ဒသမ ၄ ဧကမှာ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံက တိုင်းရင်းဆေး ဥယျာဉ်များထဲမှာ လက်ရှိအကြီးဆုံး ပရဆေး ဥယျာဉ်ဖြစ်ပါတယ်။ ပရဆေးဥယျာဉ်ကြီးတည်ဆောက်ရန် လမ်းညွှန်ချက်အရ နေပြည်တော်တောင်ညို လမ်းမကြီးဘေးတွင် ယခင်ကျပ်ပြေး ပရဆေးဥယျာဉ်ကို ထပ်မံတိုးချဲ့ တည်ဆောက်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ကို နိုင်ငံတော်အကြီးအကဲက ပြည်တွင်း ပြည်ပမှ လေ့လာသူများ လာရောက် လေ့လာနိုင်သည့် ပရဆေးပင်မျိုးစုံလင်သော နိုင်ငံတကာ အဆင့်မီ ပရဆေး အဓိက ပရဆေး အမျိုး ၉၁၈မျိုးရှိသည့် အနက် ဒီဥယျာဉ်မှာ ပရဆေးအမျိုး ၅၀၀ကျော်ကို ထိန်းသိမ်းစိုက်ပျိုးထားရှိပါတယ်။ ဒီအမျိုးသားဥယျာဉ် ပရဆေး ဥယျာဉ်ဟာ အမျိုးသားအဆင့် ဥယျာဉ်ဖြစ်ပြီး နိုင်ငံတစ်ဝန်း ဒေသအသီးသီးက ပရဆေးပင်ကို ထိန်းသိမ်းမျိုးပွားပေး ပါတယ်။ ဒီဥယျာဉ်ကို ကျန်းမာရေး ဝန်ကြီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ရောဂါကြီးခြောက်မျိုးကို ကုသရာမှာ အသုံးပြုတဲ့ ဆေးဖက်ဝင်အပင်များကို မျိုးထိန်းခြင်း၊ စိုက်ပျိုးခြင်းများပြုလုပ်ပြီး အမျိုးသား ပရဆေးဥယျာဉ်ရှိ အဆောက်အအုံများ၊ လမ်းများနှင့် ရေကန်တည်ဆောက်ရေး စသည့် လုပ်ငန်းများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန အထူးစီမံကိန်းမှဆောင်ရွက်ပါသည်။ အခုတည်ဆောက်တဲ့ ပရဆေး ဥယျာဉ်ကြီးအတွင်းမှာ ရှားပါး ပရ ဆေးပင်တွေအပြင် တိုင်းရင်းဆေးဝါး သုတေသနဌာနတစ်ခုကိုပါ ထည့်သွင်း တည်ဆောက် ထားပါတယ်။ ဒီသုတေသနအနေနဲ့ တိုင်းရင်းဆေးဝါးများရဲ့ အရည်အသွေးကို စစ်ဆေး ထိန်းသိမ်းတဲ့အပြင် တိုင်းရင်းဆေးပင်များရဲ့ အရည်အသွေးကို လေ့လာသုတေသနပြုလုပ် ဆောင်ရွက်ပေးပါတယ်။ တိုင်းရင်းဆေးဝါးဌာန အနေဖြင့် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါသုံး ဆေးပင်ကို ဒီဥယျာဉ်ထဲမှာ ထိရောက်စွာ စိုက်ပျိုးထားတဲ့အပြင် အပင်များရဲ့ အရည်အသွေး တိုးတက်ဖို့ကိုလည်း မျက်ခြည်မပြတ် လေ့လာမှတ်တမ်းပြုစုခြင်းကိုပါ လေ့လာသုတေသန ပြုလုပ်ပါတယ်။ တိုင်းရင်းဆေးဝါးများကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ ဌာနပိုင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံနှစ်ရုံမှ တိုင်းရင်းဆေးပညာ ဦးစီးဌာနရှိ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကု ဌာနများအတွက် လိုအပ်သော ဆေးဝါးများကို ပရဆေး ဥယျာဉ်ရှိစုမှ ဆေးဝါးကုန်ကြမ်း များကိုရယူ၍ တိုင်းရင်းဆေးခန်းသုံး ဆေး ၂၁ မျိုးကို အခမဲ့ ဖြန့်ဖြူးပေးပြီး အရောင်းဆေးဝါး ၁၂မျိုးကို ကောင်းမွန်သော ဆေးဝါး ထုတ်လုပ်မှု ကျင့်စဉ် (GMP)နှင့်အညီ ဖော်စပ်ပြီး ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးရုံနှင့် ဆေးခန်းများမှ လာရောက်ကုသသည့် လူနာများ အတွက် လိုအပ်တဲ့ ဆေးဝါးများနှင့် ကုသမှုကိုပါ အခမဲ့ ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ဒီလို တိုင်းရင်း ပရဆေး ဥယျာဉ်ကြီးတစ်ခု တည် ဆောက်နိုင်ခြင်းဟာ ပြည်သူများနှင့် တိုင်းရင်းသမားတော်များအတွက်ပါ အကျိုးရှိပါတယ်”**ဟူ၍ မြန်မာ့အလင်းသို့ ရှင်းပြခဲ့ပါသည်။

အမျိုးသား ပရဆေးဥယျာဉ်ကြီးသည် မြန်မာ့တိုင်းရင်းဆေးပညာရှင်များအတွက် လိုအပ်သော ဆေးဝါးပင်များကို တစုတစည်းတည်း ထိန်းသိမ်းထားရှိသည့်အပြင် တိုင်းရင်းဆေးပညာရပ်ကို လေ့လာလိုက်စားသော သုတေသီ ပညာရှင်များအတွက် အဖိုးမဖြတ်နိုင်သော သဘာဝဆေးဖက်ဝင် ပရဆေး ဥယျာဉ်ကြီးဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဆေးဖက်ဝင်မုယားကြီးပင်

အမျိုးသား ပရဆေးဥယျာဉ်တွင် ဆေးဖက်ဝင် မုယားကြီးပင် စိုက်ခင်းကလည်း ဤသို့တွေ့ရသည်။

ရာဇဝင်နွယ်ပင်

သဘာဝတောနက်ကြီးများတွင်သာ တွေ့ရသော ဆေးဖက်ဝင် ရာဇဝင်နွယ်အပင်။

တံငါရုတ်ပင်

ဆေးဖက်ဝင် တံငါရုတ်ပင်များ ဤသို့ပျိုးထောင် စိုက်ပျိုးထားသည်။

မြွေနှိုင်ပင်

ရှားပါး ဆေးဖက်ဝင် မြွေနှိုင်ပင်ကိုလည်း မျိုးမသုဉ်း အောင် ဤသို့ စိုက်ပျိုးထားသည်။

ပရဆေးဥယျာဉ်အဝင်မုခ်ဦး

အမျိုးသား ပရဆေးဥယျာဉ် အဝင်မုခ်ဦး၏ မြင်ကွင်းတစ်စိတ်တစ်ဒေသ။

အမျိုးသား ပရဆေးဥယျာဉ်ကြီးသည် မြန်မာ့တိုင်းရင်းဆေးပညာရှင်များအတွက် လိုအပ်သော ဆေးဝါးပင်များကို တစုတစည်းတည်း ထိန်းသိမ်းထားရှိသည့်အပြင် တိုင်းရင်းဆေးပညာရပ်ကို လေ့လာလိုက်စားသော သုတေသီပညာရှင်များအတွက် အဖိုးမဖြတ်နိုင်သော သဘာဝဆေးဖက်ဝင် ပရဆေးဥယျာဉ်ကြီးဖြစ်၏။

✡ *ကျောဖုံးမှ*

ညောင်ပင်သာ၊ ပြန်ကပြေး၊ ပုရွက်ဆိတ်ကုန်းနှင့် မြွေရိုးလေးကျေးရွာတို့မှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကော်မတီဝင်များနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၂၀၀ ကျော် တက်ရောက်ကြသည်။

ထူထောင်ဖွင့်လှစ်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာနည်းတူ ပညာ၊ နည်းပညာဖွံ့ဖြိုးတိုးတက်၍ တန်းတူရည်တူ ရပ်တည်နိုင်ရန် ပညာ၊ နည်းပညာဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ရာ ကျေးလက်နေပြည်သူများအနေဖြင့် ဗဟုသုတ အကြားအမြင်တို့ကို အခြေခံ၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် အသိပညာဖြင့် ယှဉ်တွဲဆောင်ရွက်သွားနိုင်ကြရန်နှင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် အသိပညာ၊ အတတ်ပညာနှင့် အကြားအမြင်ဗဟုသုတ ပိုမိုရင့်ကျက်သူများ ပေါ်ထွန်းလာစေရန် ရည်မှန်း၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း။

မတည်လှူဒါန်း

ယနေ့ဖွင့်လှစ်သော နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းမှ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသုံးခု၊ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းမှ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံနှစ်ခုတို့အတွက် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးတင့်ဆန်းက ငွေကျပ်သိန်း ၆၀ ကိုမတည်လှူဒါန်းခဲ့ပြီး ကျေးရွာများမှ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ညောင်ပင်သာ၊ ပုရွက်ဆိတ်ကုန်းနှင့် ပြန်ကပြေးကျေးရွာ၊ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ မြွေရိုးလေးကျေးရွာနှင့် ငှက်ပျောတောကျေးရွာတို့၌ စာကြည့်တိုက်အဆောက်အအုံနှင့် ပရိဘောဂများ၊ စာကြည့်တိုက် ရန်ပုံငွေများ ထူထောင်နိုင်ခဲ့ကြောင်း။

လုပ်ငန်းစဉ်(၅)ရပ်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်များတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ၂၀၀၄ ခုနှစ်မှ စတင်ထူထောင်ဖွင့်လှစ်လျက်ရှိရာ ယနေ့အထိ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်အနက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ တိုက် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ အသွင်သဏ္ဌာန်အားဖြင့် စာကြည့်တိုက်အရေအတွက် ပြည့်စုံသည်ဟု ဆိုနိုင်ကြောင်း၊ ထို့ကြောင့် ထူထောင်ဖွင့်လှစ်ပြီးဖြစ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဟူသော အနှစ်သာရကိုပါပြည့်စုံအောင် ဆက်လက်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အဆိုပါ အနှစ်သာရပြည့်စုံရေးအတွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့မှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိပြီး စာဖတ်ကြစေရန် စည်းရုံးဆောင်ရွက်ရေး၊ ရှိပြီးသော စာအုပ် စာစောင်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ် စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင်စိုက်ထူဆောင်ရွက်ရေး၊ စာကြည့်တိုက် အဆောက်အအုံမရှိသေးသော ကျေးရွာများ၌ အဆောက်အအုံရရှိလာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်အောင်ဆောင်ရွက်ရေး၊ ကျွမ်းကျင်သော စာကြည့်တိုက်မှူးများရရှိလာစေရန် လေ့ကျင့်ပျိုးထောင်သွားရေးတို့ပင်ဖြစ်ကြောင်း၊ ဤလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့များ၏အား၊ ဒေသခံပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏အားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏အားတို့ဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

တက်ညီလက်ညီဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် ထူထောင်ပြီးသော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် အထက်ပါ အားလေးအားဖြင့် တက်ညီလက်ညီဆောင်ရွက်သွားကြရန်နှင့် ယခုဖွင့်လှစ်လိုက်သော ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အပါအဝင် ကျေးရွာငါးရွာရှိ စာကြည့်တိုက်အဆောက်အအုံများနှင့် ပရိဘောဂများ၊ စာအုပ် စာစောင်များကိုလှူဒါန်းခဲ့ကြသော ACEဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် ကျေးရွာများမှ အလှူရှင်များအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ACEဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံများအတွက် မတည်ငွေ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လှူဒါန်း

ယင်းနောက် အလှူရှင်များဖြစ်ကြသည့် ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးတင့်ဆန်းက ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံများအတွက် မတည်ငွေကျပ်သိန်း ၆၀၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တစ်တိုက်လျှင် မဂ္ဂဇင်း ၁၅၁ အုပ်၊ ဂျာနယ်အစောင် ၁၅၀ စီဖြင့် စာကြည့်တိုက်ငါးတိုက်အတွက် မဂ္ဂဇင်း ၇၅၅ အုပ်နှင့် ဂျာနယ်အစောင် ၇၅၀၊ မြွေရိုးလေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ရဲကြီးထမင်းဆိုင်မှ ဦးအောင်မြင့်ထွန်း-ဒေါ်ခင်အေးလွင်တို့က ငွေကျပ်နှစ်သိန်း၊ ပြန်ကပြေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ငွေပဒေသာပင်အတွက် ဦးစန်းမောင်က ငွေကျပ်တစ်သိန်း၊ ဦးလှိုင်စိုးက ငွေကျပ်တစ်သိန်း၊ ဦးမောင်မောင်က ငွေကျပ်ငါးသောင်း၊ ဦးတိုးခင်၊ ဦးတင်မြ-ဒေါ်သီနှင့် ဒေါ်ညွန့်ညွန့်တို့က ငွေကျပ်သုံးသောင်းစီအပါအဝင် စုစုပေါင်း ငွေကျပ် ၃၁၀၀၀၀၊ ညောင်ပင်သာကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ငွေပဒေသာပင်အတွက် လူမှုရေးအသင်းအဖွဲ့များ၊ ငွေလမင်း အီလက်ထရွန်နစ်ရောင်းဝယ်ရေးနှင့် အလှူရှင်များက ငွေကျပ် ၂၁၀၀၀၀၊ ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ကြေးမုံသတင်းထောက် ဦးဇော်မင်းအောင်-ဒေါ်တင်လှိုင် မိသားစုက ၁၄ လက်မရောင်စုံရုပ်မြင်သံကြားစက် တစ်လုံး၊ ပြန်ကပြေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ပုံနှိပ်လုပ်ငန်းရှင်များအဖွဲ့မှ ဦးသိန်းဟန်က ၁၄ လက်မရောင်စုံရုပ်မြင်သံကြားစက်တစ်လုံးနှင့် စာအုပ် စာစောင်များ ဝယ်ယူရန်အတွက် နန်းစိန်မုန့်တိုက်မှ ဦးသိန်းထွေးက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ

ပညာ့အလင်းတန်း စာကြည့်တိုက်ဖွင့်လှစ်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် ညောင်ပင်သာကျေးရွာဥက္ကဋ္ဌ ဦးတင့်လွင်တို့ နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ ပညာ့အလင်းတန်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ACE ဆောက်လုပ်ရေးကုမ္ပဏီမှ ဦးချမ်းသာက သုတ၊ ရသစာအုပ် အုပ်ရေ၅၀ အတွက် တန်ဖိုးငွေကျပ် သုံးသောင်း၊ ပုရွက်ဆိတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ဦးသိန်းအောင်၊ ဦးပေ၊ ဦးဌေးမောင်၊ ဦးခင်မောင်နှင့် ဦးဝေယာတို့က ငွေကျပ် တစ်သောင်းစီဖြင့် စုစုပေါင်း ငွေကျပ်ငါးသောင်း၊ ငှက်ပျောတောကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ငွေပဒေသာပင်အတွက် ဦးသန်းထွေးနှင့်အဖွဲ့က ငွေကျပ် ၈၅၀၀၀ နှင့် မြွေရိုးလေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ငွေပဒေသာပင်အတွက် ဦးသိန်းရွှေနှင့်အဖွဲ့က ငွေကျပ်ရှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ကလည်းကောင်း၊ မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက် ငါးတိုက်အတွက် ရေဒီယို ခြောက်လုံး၊ စာအုပ် စာစောင် ၁၀၀၀ နှင့် နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရွှေနိုင်ငံဂျာနယ်စောင်ရေ၅၀၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဇော်ကလည်းကောင်း လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ACEဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းက စာကြည့်တိုက်အဆောက်အအုံများနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ပျဉ်းမနားခရိုင် ဦးစီးအရာရှိ ဦးစိုးပိုင်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ညောင်ပင်သာကျေးရွာမှ ရပ်မိရပ်ဖ ဦးဘိုက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံနှင့် ပရိဘောဂများ၊ စာအုပ်စာစောင်များ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများအား ညောင်ပင်သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံ ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးတင့်ဆန်းနှင့် ညောင်ပင်သာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်တို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး စာကြည့်တိုက်၌ ဗဟုသုတရှာမှီးနေကြသော ကျေးလက် လူငယ် လူရွယ်များနှင့် ကျေးလက်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်လိုက်သော ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံမှာ အလျား၊ အနံ ၂၇ ပေစီနှင့် အမြင့် ၁၈ ပေရှိ သွပ်မိုးကွန်ကရစ်အဆောက်အအုံဖြစ်သည်။ ထို့အတူ ပြန်ကပြေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံမှာ အလျားပေ ၃၀၊ အနံပေ ၂၀ နှင့် အမြင့် ၁၂ ပေရှိ သွပ်မိုးကွန်ကရစ်အဆောက်အအုံဖြစ်၍ ပုရွက်ဆိတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံမှာ အလျားပေ ၂၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၀ ပေရှိ သွပ်မိုးကွန်ကရစ်အဆောက်အအုံဖြစ်သည်။ အလားတူ မြွေရိုးလေးကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံမှာ အလျား ၂၇ ပေ၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေရှိ သွပ်မိုး ကွန်ကရစ်အဆောက်အအုံဖြစ်ကာ ငှက်ပျောတောကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံမှာ အလျား၊ အနံ ၂၄ ပေစီ၊ အမြင့် ၁၂ ပေရှိ သွပ်မိုးကွန်ကရစ်အဆောက်အအုံဖြစ်သည်။

ယခုအခမ်းအနား၌ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၃၁ သိန်း ကိုးသောင်းနှင့် ပစ္စည်းမတည်ငွေအပါအဝင် ငွေကျပ် ၁၃ သိန်း ခြောက်သောင်း စုစုပေါင်း တန်ဖိုး ၁၄၅ သိန်း ငါးသောင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဓမ္မသဘင် အဆောက်အအုံအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇန်နဝါရီ ၁ ရက်တွင် ပုဂံညောင်ဦး မြစည်းခုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇာတ၊ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ရွှေစေတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကလျာဏနှင့် မဟာဝိသုတာရာမကျောင်းတိုက်ဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တဥက္ကံသ ဆရာတော်ကြီးများအား သက်ဆိုင်ရာကျောင်းတိုက်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည် ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဟိုတယ်ပိုင်ရှင် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဓမ္မသဘင်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဓမ္မသဘင် မြေနေရာကို သွားရောက်ကြည့်ရှုသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဇန်နဝါရီ ၂ ရက်တွင် ပုဂံမြို့ ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပသော မဟာရာဇသိရီအနုရုဒ္ဓ ပုဂံရွှေနန်းတော်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး သီတဂူ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့်အတူ ပုဂံ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဓမ္မသဘင် ဆောက်လုပ်မည့်မြေနေရာကို သွားရောက်ကြည့်ရှုသည်။

တက်ရောက်

ထို့နောက် ဝန်ကြီးသည် ညောင်ဦး သံတဲဟိုတယ်၌ကျင်းပသော အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သီတဂူဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဝန်ကြီးက ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဓမ္မသဘင် ဆောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

လက်ခံ

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ သီတဂူ သဲကုန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ စင်ကာပူရွှေကျောင်းဆရာတော် Shi Fa Zao၊ ဦးဝင်းအောင်(သီတဂူ) ဒေါ်ခင်ဝင်းကြည် မိသားစု၊ ဒေါ်စန်းစန်းမော် 'ဆု'ဗီဒီယိုနှင့် သီရိသုဓမ္မ မဏိဇောတဓရ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေး)တို့က ငွေကျပ်သိန်း ၁၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံသည်။

လှူဒါန်း

ထို့နောက် သီရိသုဓမ္မသီဂီ ဒေါ်နွဲ့နွဲ့စန်း(ရတနာတိုင်းပြည်ဆောက်လုပ်ရေး) မန္တလေးမြို့က (ဒုတိယအကြိမ်) ငွေကျပ် ၁၀ သိန်း၊ ဦးသက်ဇော်-သီရိသုဓမ္မသီဂီ ဒေါ်ထားထားနွယ်နှင့် သီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဌေး-သီရိသုဓမ္မသီဂီ ဒေါ်နီလာရွှေ၊ သား မောင်မြတ်စိုးအောင်(ကြာငါးခိုင်သက်န်းတိုက်)တို့က (ဒုတိယအကြိမ်) ငွေကျပ် ငါးသိန်းစီ၊ ဦးအောင်ထွန်း(ဆီထွက်သီးနှံနှင့် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း) ကျောက်ပန်းတောင်းမြို့နှင့် ဒေါ်ခင်သန်းဌေး(ရွှေမြင်းပဲခွဲစက်လုပ်ငန်း) အမှတ် ၁၁၀ ၃၃ X ၃၄ လမ်းကြား ၈၅ လမ်း ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တို့က ငွေကျပ် လေးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က လက်ခံပြီး ဝန်ကြီးက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် သီတဂူဆရာတော်က အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လွတ်လပ်ရေးပန်း

- လွတ်လပ်ရေးပန်း
ဆင်မြန်းကြဝေဝေဆာ။
- သားချင်းဆွေအများနှစ်ခြိုက်
ပန်းမကိုင်ရှု မာလာ။
- မွေးနံ့မပြယ်သနစ် ထူးဆန်းတယ်လို့
တွေးအံ့ဖွယ် နှစ်ဦးပန်းရယ်က
သွေးသန့်ထည် မြန်ဠာနီအတွေးနက်စေတဲ့
ဇန်နဝါရီလေးရက်ကယ်တဲ့အချက်ချာ
တစ်သက်တာမှတ်သား။
- အညီပျမ်းမျှလိုက်တော့
သည်ပန်းလှကို အရေးတယူနှင့်
ဖေးကူကာ ဘေးလူမထိအောင်လ
ပြည်ထောင်ဖွားတို့ရေ....
အားမာန်နိုးကြား။ ။

မောင်ရည်တင့်(မအူပင်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ နာမည်လုပ်ကြံကြသူများ အယ်ဒီတော့ ဒိုင်ယာရီနှင့်အတူ ပြည်ပထွက်ခွာရေးအတွက် လိုအပ်သည့် အထောက်အထားများ နိုတြီပြန်ပေးသော ရှေ့နေသည် Black List မဖြစ်ရန်လိုအပ်၊ မြဝတီကုန်သွယ်ရေးဇုန်ကို ကျပ်သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်မည်၊ ဘရူနိုင်းပင်လယ်အော်တွင် သင်္ဘောနစ်မြုပ်မှု မြန်မာသင်္ဘောသားအချို့ပါဝင်ကြောင်းသိရ၊ လျှပ်စစ်မီးရရှိပါက ငွေဆောင်ဟိုတယ်ခများ လျော့ကျလာနိုင်၊ ဆေးကျောင်းဝင်သော သားသမီးများကို လွတ်လပ်ခွင့်ပေးခြင်းသည် မှားယွင်းသောလုပ်ရပ်ဖြစ်၊ သန်လျင်တွင် ဆီသူခိုးများအား ဖမ်းဆီးရမိ၊ မလေးရှားတွင် အလုပ်လုပ်ချင်သူများအတွက် ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဝန်ဆောင်မှုပေးမည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အောင်မြင်သူတစ်ဦးအကြောင်း ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခဲ့သည့် ဦးအေးကျော် (MHR)၊ အလုပ်နှင့် ပညာရေးသင်္ဘောလိုက်ကြမှာလား ဒါတွေကိုသိထားနှင့် ထိုင်းရွေးကောက်ပွဲရလဒ် ဘယ်သူ့အတွက်လဲ ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

အင်္ဂလန်မှာ ခြေစွာနေတဲ့ စပိန်သား အားကစားဆောင်းပါးနှင့်အတူ အွန်လိုင်းတွင် တွေ့ဆုံခြင်းက မျှော်လင့်အားထားစရာနှင့် စိတ်ပျက်စရာများဖြစ်စေ၊ ဒုတိယကမ္ဘာစစ်အတွင်းက တရုတ်တွင် သေဆုံးခဲ့သည့် လေကြောင်းအာဇာနည် ၉၀၀ကျော်အား ဖော်ထုတ်၊ စစ်တပ်ကို စာရင်းမပေးသွင်းမိပရိသတ်နှင့် နောက်ဆုံးအကြိမ်တွေ့ဆုံဦးမည့် ဂျောင်ယူး၊ ချို့တဲ့သူတွေကို ဂရုစိုက်ကြဖို့ ဗြိတိသျှဘုရင်မတိုက်တွန်း၊ အာရှတိုက်သားများက ဆိုးရွားလှသည့် သဘာဝဘေးအန္တရာယ် ဆူနာမီကို အမှတ်ရစေသည့် အခမ်းအနားကျင်းပ၊ ဂျပန်နိုင်ငံက သံလိုက်ဓာတ်ဖြင့်သွားသော ကမ္ဘာ့အမြန်ဆုံးရထားကိုစီစဉ်၊ ပူတင်က သူ့ခွေးအတွက် ဂြိုဟ်တုဆက်သွယ်ရေးစနစ်လိုချင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် နတ်တော်လကွယ်နေ့
(ဥပုသ်နေ့)
၇-၁-၂၀၀၈ ရက် (တနင်္လာနေ့)
နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၀၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅	၇။	အဆိုပြိုင်ပွဲ
၈:၂၄	၈။	မြေခဲတောင်ရေလှောင်တမံ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Grammar made Easy
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၁၇:၀၅	၅။	အကပဒေသာ
၁၇:၂၀	၆။	မြန်မာစာ၊ မြန်မာစကား
၁၇:၃၀	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၃၅	၈။	**မင်းမသိသေးပါဘူးကွာ** ဇော်၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၇:၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **မြူခိုးဝေဝေချစ်သက်တည်** (အပိုင်း-၁၂)
၁၉:၃၀	၁၄။	အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **စက်မှုအားနှင့်အညီ ရွှေနိုင်ငံသစ်တည်**
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စေတမန်** (အပိုင်း-၁၄)
	၁၉။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

❒ *ကျောဖုံးမှ*

လိမ္မော်သီးများ လက်ကားရောင်းချလျက်ရှိရာ တစ်ပိဿာလျှင် အကြီးအသေးပေါ်မူတည်၍ ကျပ် ၅၅၀မှ ကျပ်၈၀၀အထိ ဈေးရှိနေသည်။ လက်လီပြန်ရောင်းသူများက တစ်လုံးလျှင် ကျပ် ၅၀၊ ၁၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပန်းသီး

တရုတ်ပန်းသီးများ မူဆယ်မှတစ်ဆင့် သီရိမင်္ဂလာဈေးကြီးသို့ နေ့စဉ် ကုန်တင်ကားလေးစီး၊ ငါးစီး ဝင်ရောက်လျက်ရှိသည်။ ဝင်ရောက်လာသည့်ကားများမှာ ၁၀ဘီးကား၊ ၁၂ ဘီးကား အစားစားရှိသည်။ ပန်းသီး စက္ကူဂျပ်ဖာ အလုံး ၁၂၀၀ ပျမ်းမျှအားဖြင့် တင်ဆောင်လာသည်။ ဂျပ်ဖာများမှာ ၁၁ ကီလိုနှင့် ၁၃ကီလို နှစ်မျိုးနှစ်စား ရှိသည်။ ၁၁ကီလိုဂျပ်ဖာတွင် အလုံး ၅၀ဆံ့ပြီး ၁၃ကီလိုဂျပ်ဖာ၌ အလုံး ၆၀ ဆံ့သည်။ ပန်းသီးဂျပ်ဖာများ လက်ကားရောင်းချလျက်ရှိရာ ၁၁ ကီလိုဂျပ်ဖာ တစ်လုံးလျှင် ကျပ် ၈၀၀၀မှ ၉၀၀၀ အထိရှိသည်။ ၁၃ကီလိုဂျပ်ဖာ တစ်လုံးလျှင်ကျပ် ၁၂၀၀၀မှ ၁၃၀၀၀ ရှိသည်။ ပန်းသီးများ လက်လီပြန်ရောင်းချသူများက အကြီးအသေးပေါ် မူတည်၍ တစ်လုံးလျှင် ကျပ် ၂၀၀မှ ၃၅၀အထိ ရောင်းချလျက်ရှိသည်။

လှိုင်လှိုင်ဝင်ရောက်

ပန်းသီးများကို လက်လီ ပြန်ရောင်းသူများအား ယုံကြည်မှုအပေါ်မူတည်၍ ခေါက်ပြန်ကြေးနှင့် ရောင်းချပေးနေကြောင်း၊ ပန်းသီးကားများ သီရိမင်္ဂလာဈေးကြီးသို့ ဖေဖော်ဝါရီလကုန်၊ မတ်လဆန်းအထိ လှိုင်လှိုင် ဝင်ရောက်လေ့ရှိကြောင်း ရွှေမင်းသမီး သစ်သီးရောင်းဝယ်ရေးမှ ဦးခင်မောင်ကြည်က မြန်မာ့အလင်းသို့ ပြောကြားသည်။

ဂေါ်ဖီထုပ်

ယခုအခါ သီရိမင်္ဂလာဈေးကြီးသို့ အောင်ပန်းဂေါ်ဖီထုပ်ကားများ အဝင်နည်းသွားသည်။ နေ့စဉ် ၁၀ဘီးကား ၁၇စီး၊ ၁၈စီးဝင်နေရာမှ ရှစ်စီး၊ ကိုးစီးသာ ဝင်တော့ကြောင်း၊ အောင်ပန်းဂေါ်ဖီ အဝင်နည်းလာချိန်တွင် မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ရေကြည်၊ ဒိုက်ဦး၊ ဘိုင်းဒါးတို့မှ ဝင်ရောက်လာလေ့ရှိကြောင်း၊ ဇန်နဝါရီလကုန်ပိုင်းတွင် ဝင်ရောက်လာနိုင်ကြောင်း ဂေါ်ဖီထုပ် လက်ကားကုန်သည် ဦးတင်အောင်က မြန်မာ့အလင်းသို့ ပြောကြားသည်။



သီရိမင်္ဂလာဈေးကြီးအတွင်း လက်လီရောင်းချနေသော ပန်းသီးဆိုင်တစ်ဆိုင်၏ မြင်ကွင်းတစ်နေရာ။ (မြန်မာ့အလင်း)

သီရိမင်္ဂလာဈေးကြီး၌ ရောင်းချနေသောဆိုင်တစ်ဆိုင်မှ နာနတ်သီးများကလည်း တောင်ပုံရာပုံ။ (မြန်မာ့အလင်း)

ဂေါ်ဖီထုပ်တစ်ထုပ်လျှင် အကြီးအသေးလိုက်၍ ကျပ်၁၅၀မှ ၄၀၀အထိ လက်ကားရောင်းချနေသည်။ ဂေါ်ဖီပန်းများမှာလည်း နေ့စဉ် အပွင့်တစ်သိန်းခန့် ဝင်ရောက်နေရာမှ အပွင့် ၇၀၀၀၀၊ ၈၀၀၀၀အထိ ပြန်ကျသွားသည်။

နေ့စဉ်ဝင်ရောက်

ဆီးပန်းသီးများ ထုံးဘိုမှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အိတ်ကြီးတစ်အိတ်လျှင် ကျပ်၄၅၀၀ဖြင့် လက်ကား ရောင်းချနေသည်။ လက်လီပြန်ရောင်းသူများက အကြီးအသေးကိုလိုက်၍ နို့ဆီဘူးဖြင့်လည်းကောင်း၊ အလုံးအရေအတွက်ဖြင့် လည်းကောင်း ရောင်းချနေသည်။

နာနတ်

ဇွန်၊ ဇူလိုင်လများတွင် အဝင်များခဲ့သော နာနတ်သီးများ ဈေးကွက်သို့ အဝင်နည်းလာသည်။ နေ့စဉ် သီပေါမှ အလုံး ၁၂၀၀၀ပါ ကားတစ်စီးခန့်သာ ဝင်ရောက်တော့ကြောင်း သိရသည်။ နာနတ်သီးအလုံးကြီးတစ်လုံးလျှင် ကျပ်၃၀၀မှ ၆၀၀အထိ လက်ကား ရောင်းချလျက်ရှိသည်။

အခြားသီးနှံများ လက်ကားဈေးနှုန်း

ကျွဲကောသီးတစ်လုံး ကျပ်၃၀၀မှ ၇၀၀၊ ထောပတ်သီးတစ်လုံး ကျပ် ၁၀၀မှ ၁၅၀၊ ခရမ်းသီး၁၀လုံး ကျပ် ၂၀၀မှ ၄၀၀၊ ဘူးသီးတစ်လုံး ကျပ် ၂၀၀မှ ၄၀၀၊ သခွားသီးအလုံး ၁၀၀လျှင် ကျပ် ၂၀၀၀မှ ၄၀၀၀၊ သံပရာသီးအလုံး ၁၀၀လျှင် ကျပ်၅၀၀မှ ၁၅၀၀၊ ရွှေဖရုံသီးတစ်လုံး ကျပ်၃၀၀မှ ၈၀၀၊ ကျောက်ဖရုံသီး တစ်လုံး ကျပ် ၃၀၀မှ ၉၀၀၊ မုန်ညင်းဖြူ တစ်ပိဿာ ကျပ်၄၀၀မှ ၅၀၀၊ မှျစ်တစ်ပိဿာ ကျပ် ၅၀၀မှ ၇၀၀၊ ချင်းတစ်ပိဿာ ကျပ် ၃၀၀မှ ၇၀၀၊ ငရုတ်သီး တစ်ပိဿာ ကျပ်၅၀၀မှ ၁၀၀၀၊ မုန်လာဥနီ တစ်ပိဿာကျပ်၆၀၀မှ၈၀၀၊ဗိုလ်စားပဲ တစ်ပိဿာ ကျပ်၅၀၀မှ ၇၀၀၊ နံနံပင် တစ်ပိဿာ ကျပ် ၅၀၀မှ ၈၀၀၊ မုန်လာဥဖြူတစ်စည်းကျပ်၃၀မှ ၁၅၀၊ ချဉ်ပေါင်ရွက် ဆယ်စည်း ကျပ် ၁၀၀မှ ၂၅၀၊ ပဲသီးတစ်စည်း ကျပ် ၃၀မှ၆၀ အသီးသီး ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခုရာသီတွင် သီရိမင်္ဂလာဈေးကြီးသို့ ငါးခြောက်မျိုးစုံ လှိုင်လှိုင်ဝင်လာသည်။ ငါးခြောက်များ အဓိကဝင်ရောက်လာသော ဒေသများမှာ ဖျာပုံ၊ ပုသိမ်၊ မော်လမြိုင်၊ ကျိုက္ကမီတို့မှ ဖြစ်သည်။ လက်ကားရောင်းချသော ဈေးနှုန်းများမှာ ငါးကွမ်းရှပ်တစ်ပိဿာ ကျပ်၆၀၀၀၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၂၅၀၀မှ ၃၀၀၀၊ ငါးရွှေ တစ်ပိဿာ ကျပ်၃၀၀၀၊ ငါးရံ့ခြောက်တစ်ပိဿာ ကျပ် ၈၅၀၀၊ ကဘီလူး တစ်ပိဿာ ကျပ်၂၀၀၀၊ ငါးတံခွန်တစ်ပိဿာ ကျပ်၂၆၀၀ဖြင့် အသီးသီး လက်ကားရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**



ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအချို့မှ လိမ္မော်သီးများ သီရိမင်္ဂလာဈေး၌ ဤသို့ လက်လီလက်ကား ရောင်းချပေးလျက်ရှိသည်။ (မြန်မာ့အလင်း)



အောင်ပန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်တို့မှ ဝင်လာသော ဂေါ်ဖီထုပ်များကလည်း အရောင်းသွက်လှသည်။ (မြန်မာ့အလင်း)

ဖျာပုံ၊ ပုသိမ်၊ မော်လမြိုင်တို့မှ ဝင်ရောက်လာသော ငါးခြောက်မျိုးစုံတို့ကို ရောင်းချလျက်ရှိသည့် သီရိမင်္ဂလာဈေးမှ ငါးခြောက်ဆိုင်ကြီးတစ်ဆိုင်။ (မြန်မာ့အလင်း)

ဘိုလီးဗီးယားအရှေ့ပိုင်း၌ သဘာဝဓာတ်ငွေ့သိုက်ကြီးတွေ့ရှိ တစ်ရက်လျှင် ကုဗမီတာ သန်းပေါင်းနှစ်သန်းကျော်ထွက်ရှိနိုင်

လီမာ ဇန်နဝါရီ ၆

ဘိုလီးဗီးယားအရှေ့ပိုင်း၌ သဘာဝဓာတ်ငွေ့သိုက်ကြီးတွေ့ရှိခဲ့သဖြင့် ၂၀၀၈ခုနှစ် အောက်တိုဘာလမှ စပြီး တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ သန်းပေါင်း ၂ဒသမ ၄သန်း ထုတ်လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း ဘိုလီးဗီးယားသမ္မတ အီဗိုမိုရေးစ်က ဇန်နဝါရီ ၄ရက်၌ ပြောကြားလိုက်သည်။

လုပ်ငန်းဆောင်ရွက်

တာကိုဘိုဟု အမည်ပေးထားသော အဆိုပါ သဘာဝဓာတ်ငွေ့သိုက်ကြီးသည် ဘိုလီးဗီးယား အရှေ့ပိုင်း ဆန်တာခရုဇ်ပြည်နယ် ဆန်အစ်စီဒရို အရပ်၌ တည်ရှိပြီး အာဂျင်တီးနား ကုမ္ပဏီ ပလက်ပက်ထရိုက လုပ်ငန်းဆောင်ရွက်နေသည်။

ယုံကြည်

ထိုစဉ်အတွင်း ပလက်ပက်ထရို ကုမ္ပဏီ တာဝန်ရှိသူက ပြောကြားရာတွင် ၎င်းလုပ်ကွက်သစ်မှ ၂၀၀၈ခုနှစ် အောက်တိုဘာလ၌ သဘာဝဓာတ်ငွေ့ တစ်ရက်လျှင် ကုဗမီတာ သန်းပေါင်း ၂ဒသမ ၄သန်း ထုတ်လုပ်သွားရန် ယုံကြည်ထားသည်။

ဘိုလီးဗီးယားနိုင်ငံသည် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာ သန်းပေါင်း ၄၀ ထုတ်လုပ်လျက်ရှိသည်။ သို့သော်လည်း ပြည်တွင်းသုံးစွဲမှုနှင့် ဘရာဇီးနှင့်အာဂျင်တီးနားနိုင်ငံများသို့ တင်ပို့မှုကြောင့်တစ်ရက်လျှင်ကုဗမီတာ သန်းပေါင်း၄၆ဒသမ၇သန်းလိုအပ်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရင်းနှီးမြှုပ်နှံ

အဆိုပါကုမ္ပဏီသည် ၂၀၀၇ခုနှစ် မတ်လက အမေရိကန်ဒေါ်လာ ၃၆သန်း ရင်းနှီးမြှုပ်နှံလျက် တူးဖော်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း မိုရေးစ်က ပြောကြားသည်။



တရုတ်နိုင်ငံ ဟေလုံကျန် ပြည်နယ်၌ နှစ်ဦးကာလပွဲတော်တွင် တည်ဆောက်ပြုလုပ်ထားသည့် ရေခဲတောင် အဆောက်အအုံသို့ ခရီးသွားများ တက်ရောက်နေသည်ကို ဇန်နဝါရီ ၆ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ နှင်းမုန်တိုင်း ကျရောက်ပြီးနောက် ဆီးနှင်းများ ရှင်းလင်းဖယ်ရှားနေသည်ကို ဇန်နဝါရီ ၆ရက်က ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ ဗုံးခွဲတိုက်ခိုက်ခံရ ခုနစ်ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၆

အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်းတွင် ဇန်နဝါရီ ၃ရက်က ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် အိန္ဒိယနိုင်ငံသား အင်ဂျင်နီယာတစ်ဦးနှင့် အာဖဂန်ရဲတပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးခဲ့ကြောင်း ပြည်နယ်တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြောကြား

နင်မ်ရို့ဇ်ပြည်နယ် ဒေသအတွင်း၌ အိန္ဒိယနိုင်ငံသား လမ်းဖောက်လုပ်ရေးအင်ဂျင်နီယာ အဖွဲ့တစ်ဖွဲ့ လိုက်ပါလာသောယာဉ်တန်းကို အဆိုပါ ဗုံးခွဲသမားက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂူလမ်ဒက်စ်တာဂီအဇက်က ရိုက်တာသို့ ပြောကြားသည်။

ဒဏ်ရာရ

ယင်းဖြစ်ရပ်တွင် အာဖဂန်ရဲတပ်ဖွဲ့ဝင် ၁၁ဦးနှင့် အိန္ဒိယနိုင်ငံသား အင်ဂျင်နီယာနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဗီယက်နမ်၌ ၂၀၁၅ခုနှစ် အရောက်တွင် လျှပ်စစ်ဓာတ်အား စီမံကိန်းများတိုးမြှင့် တည်ဆောက်မည်

ဟနွိုင်း ဇန်နဝါရီ ၆

ဗီယက်နမ်နိုင်ငံသည် ပြည်တွင်း လျှပ်စစ်ဓာတ်အား သုံးစွဲမှု ကာမိစေရန် ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်လျက်ရှိရာ စီမံကိန်းအရ ၂၀၀၆ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း နှစ်စဉ် ၁၇ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်း တိုးမြှင့်လာစေရန် မျှော်မှန်းထားကြောင်း ဒေသထုတ်သတင်းစာ ဗီယက်နမ်အီကော်နောမစ်တိုင်း(မ်) သတင်းစာက ဇန်နဝါရီ ၄ရက်တွင် ဖော်ပြသည်။

တိုးမြှင့်ထုတ်လုပ်

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၆၀၀ ထုတ်လုပ်မှုနှင့်အတူ စွမ်းအင်အရင်းအမြစ်များ ရှာဖွေဖော်ထုတ် သုံးစွဲမည် ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မဂ္ဂါဝပ်ပေါင်း ၃၄၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ကြောင်း အဆိုပါ သတင်းစာ၌ ဖော်ပြသည်။

တည်ဆောက်

ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားအများဆုံး ထုတ်လုပ်ဖြန့်ဖြူးသည့် ကုမ္ပဏီဖြစ်သော ဗီယက်နမ် အီလက်ထရစ် စီးတီး(အီးဗီအင်န်)က ဓာတ်အားပေး စက်ရုံငါးခုတည်ဆောက်ရန် ရန်ပုံငွေရှာဖွေလျက် ရှိသည်။ ယင်းကုမ္ပဏီက ဓာတ်အားပေးစက်ရုံငါးခု တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၃၀၀ ထုတ်လုပ်သွားမည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တောင်ကိုရီးယား ပို့ကုန်တင်ပို့မှု မြင့်တက်

ဆိုးလ် ဇန်နဝါရီ ၆

တောင်ကိုရီးယားနိုင်ငံ၏ သတင်းဆက်သွယ်ရေးနည်းပညာပစ္စည်း (အိုင်တီ)များတင်ပို့မှုသည် ၂၀၀၇ခုနှစ်တွင် ၁၀ဒသမ ၅ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၁၂၅ဒသမ၁ဘီလီယံ ဝင်ငွေရရှိကြောင်း တောင်ကိုရီးယား ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၃ ရက်တွင် အစီရင်ခံစာ ထုတ်ပြန်သည်။

တင်သွင်း

အဆိုပါသတင်းထုတ်ပြန်ချက်၌ တောင်ကိုရီးယားနိုင်ငံက အိုင်တီ ထုတ်ကုန်များ အမေရိကန်ဒေါ်လာ ၆၄ဒသမ ၈ဘီလီယံဖိုး တင်သွင်းခဲ့ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ အိုင်တီနည်းပညာပစ္စည်း ကုန်သွယ် ရောင်းဝယ်မှုမှာ ၂၀၀၇ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၀ဒသမ ၄ဘီလီယံ စံချိန်တင်ရရှိခဲ့ကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

မြင့်တက်

အမေရိကန်ဒေါ်လာ တန်ဖိုးကျဆင်းပြီး ထုတ်ကုန်ပစ္စည်းများ တန်ဖိုးကျဆင်းနေသော်လည်း ဒေသသုံးငွေကြေး တန်ဖိုးမြင့်တက်မှုကြောင့် ပို့ကုန်များ ဆက်လက် မြင့်တက်နေကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ငါးသိန်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ ထောက်ပံ့ကူညီမည်

ဒါကာ ဇန်နဝါရီ ၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စားနပ်ရိက္ခာ လျော့နည်း ပြီး ဆန် ဈေးနှုန်း မြင့်တက်မှုများနှင့် ရင်ဆိုင်နေရသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့က ဆန်တန် ချိန် ငါး သိန်း ထောက်ပံ့ ကူညီပေးမည် ဖြစ် ကြောင်း ဇန်နဝါရီ ၃ ရက်တွင် ပြောကြားလိုက်သည်။

ပေးပို့

ထို့အပြင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ဆီဒါမုန်တိုင်းဒဏ်ခံရသူများ အတွက် ဆန်တန်ချိန် ၃၀၀၀၀ကို ဖေဖော်ဝါရီလတွင် အရောက် ပေးပို့သွားမည်ဟု ဆိုသည်။

ရေးသားဖော်ပြ

ထိုင်းနိုင်ငံက ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်း တင်ပို့သွားရန် တင်ဒါခေါ်ခဲ့ကြောင်း ယူအင်န်ဘီသတင်း အေဂျင်စီက ဇန်နဝါရီ ၃ရက်တွင် ရေးသားဖော်ပြသည်။

ဆွေးနွေး

ကုလသမဂ္ဂမှ တာဝန်ရှိသူများနှင့်ထိုင်းသံအမတ်ကြီး တို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေး ဝန်ကြီး အာမက်ချောင်ဂူရီနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က အထက်ပါအတိုင်း ကတိပြုပြောဆိုခဲ့ခြင်း ဖြစ်သည်။

ရင်ဆိုင်နေရ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုဝင်ဘာ ၁၅ ရက်က ဆီဒါမုန်တိုင်း ဝင်ရောက် တိုက်ခတ်မှုကြောင့် နိုင်ငံ တောင်ပိုင်း၌ စပါးခင်းများ အကြီးအကျယ် ပျက်စီးခဲ့သဖြင့် စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗုံးပေါက်ကွဲ

အယ်လ်ဂျီးရီးယား နိုင်ငံ အယ်လ်ဂျီးယားစ်မြို့ အရှေ့ဘက် ကီလိုမီတာ၁၂၀အကွာရှိ ရဲစခန်းအနီး၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၆ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

➤ **တရုတ်နိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူမြို့တွင် ဇန်နဝါရီ ၆ ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့သဖြင့် လေယာဉ်ခရီးစဉ် ၁၀၈ ခု ရွှေ့ဆိုင်းခဲ့ရာ လေဆိပ်များ၌ ခရီးသည် တစ်သောင်းကျော် သောင်တင်နေခဲ့သည်။**

➤ *တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့၏ အနောက်ဘက် စဝါတရူဂင်စ်မြို့တွင် ဇန်နဝါရီ ၅ ရက်က အားကစားရုံတစ်ခု၌ ခြသေ့်တစ်ကောင် ကိုက်သတ်မှုကြောင့် တစ်ဦး သေဆုံးခဲ့သည်။*

➤ **အမေရိကန်နိုင်ငံ အလာစကာပြည်နယ် ကိုဒတ်ကျွန်းကမ်းလွန်တွင် ဇန်နဝါရီ ၆ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ ခြောက်ဦး သေဆုံးသွားသည်။**

➤ *ဂရိနိုင်ငံ အေသင်မြို့ အနောက်တောင်ဘက် ၇၅ မိုင်ခန့်အကွာတွင် ဇန်နဝါရီ ၆ ရက်က အင်အားရစ်ချ်စကေး ၆ ဒသမ ၅ ရှိသည့် အင်အားပြင်း ငလျင်လှုပ်ခဲ့ရာ အနီးရှိ ကာလာမာတာမြို့၌ နေအိမ်များ ပျက်စီးခဲ့သည်။*

➤ **ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကူလာခရိုင်တွင် ဇန်နဝါရီ ၅ ရက်က ခြင်ဆေးခွေမှ တစ်ဆင့် နေအိမ်မီးလောင်မှုဖြစ်ပွားခဲ့ရာ သုံးဦး သေဆုံးခဲ့သည်။**

➤ *ဂျပန်နိုင်ငံ အိုင်နာဇာဝါမြို့တွင် ဇန်နဝါရီ ၆ ရက်က အမြင့် ၁၇၃ မီတာရှိသော အဆောက်အအုံကို ဖွင့်လှစ်ခဲ့ရာ အဆိုပါ အဆောက်အအုံသည် ကမ္ဘာ့အမြင့်ဆုံး အဆောက်အအုံဖြစ်လာသည်။* **(အပေါ်ယာပုံ)**

➤ **ဖင်လန်နိုင်ငံ တမ်ပီရီမြို့တွင် ဇန်နဝါရီ ၅ ရက်က လူနေအဆောက်အအုံတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး အဆောက်အအုံ တစ်ခုလုံး ပျက်စီးဆုံးရှုံးခဲ့သည်။**

➤ *အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းဒေသများတွင် ဇန်နဝါရီ ၆ ရက်က နှင်းမုန်တိုင်းများ တိုက်ခတ်ခဲ့ပြီး မိုးများရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဆိုးရွားစွာဖြစ်ပေါ်ခဲ့သည်။*

နိုင်ငံတကာမှခင်း

အမှားသံသရာ လည်ခဲ့ရာဝယ်

လော့စ်အိန်ဂျလိစ်မြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်တောင်ပိုင်းရှိ ပင်လယ်ကမ်းရိုးတန်းတွင် တည်ရှိသော ဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်သည်။ လော့စ်အိန်ဂျလိစ်မြို့သည် လူဦးရေလေးသန်းကျော်ရှိသဖြင့် လူဦးရေထူထပ်ပြီး စည်ကားလှသော မြို့ကြီးတစ်မြို့ဖြစ်သည်။ ပင်လယ်ဆိပ်ကမ်း မြို့ဖြစ်သဖြင့် ကမ္ဘာအရပ်ရပ်မှ ကုန်တင်သင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်သောမြို့ဖြစ်သည်။ ယင်းမြို့၏ ကမ်းခြေမှတစ်ဆင့် ပင်လယ်၏ သဘာဝအလှအပ ရှုခင်းမြင်ကွင်းများကို ထိတွေ့ခံစားနိုင်သည်။

စိတ်တူကိုယ်တူ

လော့စ်အိန်ဂျလိစ်မြို့တွင် ခေတ်ပညာ သင်ကြားနေကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူ မြောက်မြားစွာ ရှိလေသည်။ ထိုအထဲတွင် ဘွဲ့ရပြီးခါစ ဓီဝဓာတုဗေဒပညာရှင်များဖြစ်ကြသော တင်မိုသီအက်စ်ချတ်စတာနှင့် လာရီဆာတို့လည်း ပါဝင်လေသည်။ ထိုကာလသည် ၁၉၈၂ ခုနှစ် ဖြစ်သည်။ အသက် ၂၄ နှစ်အရွယ်ရှိ အမျိုးသား တင်မိုသီအက်စ်ချတ်စတာနှင့် အသက် ၂၂ နှစ်အရွယ်ရှိ အမျိုးသမီးလာရီဆာတို့ နှစ်ဦးစလုံး ဓီဝဓာတုဗေဒပညာရှင်များဖြစ်ပြီး စိတ်တူကိုယ်တူ သဘောတူဖြင့် မေတ္တာသက်ဝင်မိကြလေသည်။ တင်မိုသီသည် ယောကျ်ားပီသ ခံ့ညားချောမောသကဲ့သို့ လာရီဆာသည်လည်း မိန်းမပီသ လုပကြော့ရှင်းသူဖြစ်သဖြင့် ရှေ့သွားနောက်လိုက် ညီကြသူများဖြစ်သည်။

စိတ်အေးချမ်းသာ

တင်မိုသီနှင့် လာရီဆာတို့သည် တစ်ဦးကိုတစ်ဦး လွန်စွာချစ်ခင်စုံမက်နှစ်သက်ခဲ့ကြသဖြင့် မကြာမီတွင် လက်ထပ်လိုက်ကြလေသည်။ ထို့နောက် လာရီဆာအက်စ်ချတ်စတာသည် ခင်ပွန်းသည်ဖြစ်သူ တင်မိုသီ အက်စ်ချတ်စတာ၏ ဇာတိမြို့ဖြစ်သည့် ဖရက်စနိုမြို့သို့ ဇနီးသည်ဖြစ်သူ လိုက်ပါသွားခဲ့တော့သည်။ ဖရက်စနိုမြို့သည် အတန်အသင့် စည်ကားသော မြို့ကလေးတစ်မြို့ဖြစ်သည်။ ထိုမြို့တွင်ပင် သူတို့နှစ်ဦး အထူးပြုသင်ယူခဲ့သော ဓီဝဓာတုဗေဒဓာတ်ခွဲခန်းတစ်ခုကို ဖွင့်လှစ်ကာ စိတ်အေးချမ်းသာပျော်ရွှင်စွာ နေထိုင်ခဲ့ကြသည်။

တင်မိုသီသည် သားသမီးလိုချင်သည့် ဆန္ဒရှိသော်လည်း ဇနီးသည် လာရီဆာ၏ ချို့ယွင်းချက်ကြောင့် တစ်သက်တာတွင် သားသမီးမရ နိုင်တော့ပေ။ သို့သော်လည်း တင်မိုသီသည် ဇနီးသည်ကို အချစ်အခင် မပျက်ခဲ့သည့်အပြင် ယခင်ကထက် ပိုမိုဂရုစိုက်ခဲ့ပြီး ဇနီးသည်အား စိတ်ဆင်းရဲအောင် မပြုမူခဲ့ပေ။ တည်ကြည်ဖြောင့်မတ်ပြီး ဇနီးသည်မှလွဲ၍ မည်သည့်အပျော်အပါးကိုမျှ ရှာဖွေမှုမပြုခဲ့ပေ။ ခက်သည်ကား ဇနီးသည် လာရီဆာပင်ဖြစ်သည်။ လာရီဆာအနေဖြင့် ခင်ပွန်းသည်၏ဆန္ဒကို ဖြည့်ဆည်းမပေးနိုင်တော့သည့်အတွက် ခင်ပွန်းကောင်းပီသသူ တင်မိုသီအတွက် စိတ်ထိခိုက်ခဲ့ရပြီး ရင်ထဲတွင်လည်း ဖော်မပြနိုင်အောင် နာကျင်ခံစားခဲ့ရသည်။ တင်မိုသီက အိမ်ထောင်ရေးနှင့်ပတ်သက်၍ သစ္စာခိုင်မြဲစွာဖြင့် ခြေလှမ်းမပျက် မူမပျက်ခဲ့သော်လည်း သားသမီး မရနိုင်တော့သူ လာရီဆာအနေဖြင့် တစ်မိုးအောက်တွင် တစ်ယောက်သာဟု သတ်မှတ်ခဲ့ရသောခင်ပွန်းသည်က သူ့အားစွန့်ခွာသွားလေမည်လားဟု စိုးရိမ်စိတ်များကား တစ်နေ့တခြား တိုးပွားလာတော့သည်။ ဤသည်ကို ရိပ်စားမိပြီး သဘောထားပြည့်ဝသူ တင်မိုသီက လာရီဆာကို စိုးရိမ်စိတ်မရှိရန်နှင့် သူ့ကို လုံးဝစိတ်ချယုံကြည်စိတ်ထားရန်၊ စိတ်အေးအေးနေရန် ဖျောင်းဖျခဲ့သည်။ သို့သော်လည်း လာရီဆာ၏ စိုးရိမ်ပူပန်စိတ်များမှာ လျော့ပါးသွားခြင်း မရှိခဲ့ပေ။ ခင်ပွန်းသည်က သူ့အားပစ်သွားမည်ဟုသာ ထင်နေမိတော့သည်။

စွပ်စွဲပုတ်ခတ်

တင်မိုသီနှင့် လာရီဆာတို့၏ အိမ်ထောင်သက်တမ်း နှစ် ၂၀ ပြည့်သည့် ၂၀၀၂ ခုနှစ်တွင် ၎င်းတို့၏ အိမ်ထောင်ရေးတွင် အက်ကြောင်းထင်ခဲ့တော့သည်။ တင်မိုသီသည် အိမ်ထောင်ရေးဖောက်ပြန်ပြီး ခြေလှမ်းမှားခဲ့ခြင်း လုံးဝမရှိခဲ့သော်လည်း လာရီဆာက လုပ်ငန်းခွင်တွင် မလွှဲသာမရှောင်သာ ဆက်ဆံရသော အမျိုးသမီး များနှင့် တင်မိုသီအား

အချစ်ကြီး၍ အမျက်ကြီး ခဲ့ သူ လာရီဆာ။

စွပ်စွဲပုတ်ခတ်တော့သည်။ တင်မိုသီအနေဖြင့် နှစ် ၂၀ ကျော် ပေါင်းသင်းလာခဲ့သော ဇနီးသည် လာရီဆာကို အချစ်အခင် မပျက်သော်လည်း နေ့စဉ်နှင့်အမျှ စွပ်စွဲပုတ်ခတ်မှုများဖြင့် နပန်း လုံးနေရသည်ကို စိတ်ပျက်စိတ်ကုန် ငြီးငွေ့လာမိတော့သည်။ လာရီဆာ၏ ခံစားချက်ကို နားလည်သော်လည်း အေးဆေးစွာနေတတ်သော တင်မိုသီအဖို့ ၂၀၀၃ ခုနှစ်တွင် ဇနီးသည် လာရီဆာကို ကွာရှင်းပြီးလမ်းခွဲကာ ကျောခိုင်းခဲ့တော့သည်။ ဓာတ်ခွဲခန်းကိုလည်း လာရီဆာကိုသာ ပေးထားခဲ့တော့သည်။

ခံစားရ

လာရီဆာအဖို့ တင်မိုသီကို လုံးဝလက်လွှတ်အဆုံးအရှုံးမခံနိုင်သူမို့ ရည်စားလူလု အူနုကျွဲခတ်မျှ ခံစားလိုက်ရတော့သည်။ ခင်ပွန်းဖြစ်သူကို ပြန်လည်စေ့စပ်ခဲ့သော်လည်း မရတော့ပေ။ ထို့ကြောင့် အချစ်ကြီး အမျက်ကြီးဖြစ်ကာ မစားရသည့်အမဲ သဲဖြင့်ပက်ရန် မကြံကောင်း မစည်ဖွယ်သော ပြစ်မှုမျိုးကျူးလွန်ရန် ကြံစည်ခဲ့တော့သည်။ ယမ်းပုံ မီးကျဒေါသထွက်နေသော လာရီဆာသည် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် ၎င်းထက် အသက်နှစ်နှစ်ကြီးပြီး အသက် ၄၅ နှစ်အရွယ်ရှိ တင်မိုသီကို သူ၏လက်ထောက် ဂျိမ်းစ်ဖာဂိုနီ၏ အကူအညီဖြင့် ပြန်ပေးဆွဲကာ သူ၏ဓာတ်ခွဲခန်းသို့ ခေါ်ဆောင်ခဲ့တော့သည်။ ထို့နောက် လာရီဆာသည် ခင်ပွန်းသည်ဟောင်း တင်မိုသီကို မေ့ဆေးသေနတ်ဖြင့် ပစ်လဲ့ကာ အသက်ရှူနေဆဲ တင်မိုသီ၏ ဦးခေါင်းမှ စတင်ကာ တစ်ကိုယ်လုံးကို ၅၅ ဂါလန်ဆံ့သော စည်ထဲတွင် ထည့်ထားခဲ့သည်။ ထို့နောက် ယင်းစည်ထဲရှိ တင်မိုသီ၏ ခန္ဓာကိုယ်ပေါ်သို့ ဆာလဖျူရစ်အက်စစ်များလောင်းချလိုက်တော့သည်။ ဒေါ်လာ ၂၀၀၀ ရသဖြင့် ယင်းဖြစ်ရပ်ကိုကူညီခဲ့သည်ဟု ဝန်ခံခဲ့သူ ဖာဂိုနီကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလက တစ်သက်တစ်ကျွန်း ထောင်ဒဏ်အပြည့်အဝ ချမှတ်ခဲ့ပြီး လာရီဆာသည် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ တစ်သက်တစ်ကျွန်းထောင်ဒဏ်ကို ကျခံရမည်ဖြစ်သည်။

အဓမ္မနည်း

မည်သို့ပင်ဖြစ်စေ လာရီဆာသည် ခင်ပွန်းသည် တင်မိုသီက ကျောခိုင်းသွားရလောက်အောင် မှားယွင်းခဲ့ပြီး ယင်းအမှားကို ညင်သာသောနည်းဖြင့် ဖြေရှင်းရန် မကြိုးစားဘဲ မေတ္တာကို အဓမ္မနည်းဖြင့် ရုပ်လုံးဖော်ကာ အမှားသံသရာလည်ခဲ့မှုကြောင့် တစ်သက်တာ ထောင်နန်းစံရမည့်ဖြစ်ရပ်မှာမှ ဘဝသင်ခန်းစာယူဖွယ်ပင်။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ ဇန်နဝါရီ ၆

ကျူးဘားသမ္မတကက်စထရို ရွေးကောက်ပွဲဝင်မည်

ကျူးဘားနိုင်ငံသမ္မတဖီဒယ်လ်ကက်စထရိုက လာမည့်ဖေဖော်ဝါရီလ၌ ပြုလုပ်မည့် ကျူးဘားရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၈၁ နှစ်အရွယ်ရှိ ကျူးဘားသမ္မတ ကက်စထရိုက မိမိသည် ကျန်းမာရေး တစ်နေ့တခြား ကောင်းမွန်တိုးတက်လျက်ရှိကြောင်း၊ ကျူးဘားနိုင်ငံကို ဦးဆောင်ဦးရွက် ဆက်လက်ပြုလုပ်သွားရန် မိမိဆုံးဖြတ်ထားကြောင်း ဆက်လက်ပြောကြားသည်။

ပီပီပီပါတီ အစိုးရဖွဲ့စည်းရာ၌ ချက်ထိုင်းပါတီပါဝင်မည်

ထိုင်းရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပြည်သူ့အာဏာပါရီ(ပီပီပီ)နှင့်အတူ အစိုးရသစ်ဖွဲ့စည်းရာ၌ မိမိတို့ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း ချက်ထိုင်းပါတီခေါင်းဆောင် ဘင်ဟမ်စီလ်ပါအာချာက ပြောကြားလိုက်သည်။

ချက်ထိုင်းပါတီသည် ထိုင်းရွေးကောက်ပွဲ၌ အမတ် ၃၇ နေရာရရှိခဲ့ပြီး ရွေးကောက်ပွဲအောင်မြင်မှုတွင် တတိယလိုက်သည့် ပါတီလည်းဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်း ဆက်လက်မြင့်တက်နိုင်

ကမ္ဘာ့ဈေးကွက်တွင် လောင်စာဆီဈေးနှုန်း မြင့်တက်လျက်ရှိရာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ၌ ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)က သတင်းထုတ်ပြန်သည်။

ဥရောပဈေးကွက်၌ လာမည့်သီတင်းပတ်အတွင်း ရေနံဈေးနှုန်းမှာ ရေနံတစ်စည်လျှင် နှစ်ရာခိုင်နှုန်းအထိ တက်လာနိုင်ကြောင်း အိုပက်အဖွဲ့မှ အရာရှိများက ပြောကြားသည်။

ဘူတို လုပ်ကြံခံရပြီးနောက်ပိုင်း စီးပွားရေးထိခိုက်

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းနှင့် အတိုက်အခံခေါင်းဆောင် ဘာနာဇီယာဘူတို လုပ်ကြံသတ်ဖြတ်ခံရပြီးနောက်ပိုင်း ဆူပူအုံကြွမှုများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သဖြင့် ဈေးများ၊ စူပါမားကတ်ကြီးများနှင့် စီးပွားရေးလုပ်ငန်းအချို့လည်း ပိတ်ထားခဲ့ရာ ပါကစ္စတန်နိုင်ငံ၏စီးပွားရေး ထိခိုက်ခဲ့သည်။

ဆူပူအုံကြွသမားများလက်ချက်ကြောင့် အဓိကဓာတ်အားလိုင်း ကြိုးနှစ်ကြိုး ပြတ်တောက်ပျက်စီးခဲ့သဖြင့် ပါကစ္စတန်နိုင်ငံတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ကြုံတွေ့နေရသည်။

ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာငွေတန်ဖိုး ဆက်လက်ကျဆင်း

ကမ္ဘာ့ဈေးကွက်တွင် အမေရိကန် ဒေါ်လာငွေကြေးတန်ဖိုး ဆက်လက်ကျဆင်းလျက်ရှိပြီး အမေရိကန်၌ အလုပ်လက်မဲ့အရေအတွက် တိုးမြင့်လာလျက်ရှိကြောင်း အမေရိကန် အလုပ်သမားရေးရာဌာနက သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ တစ်လတည်းအမေရိကန်တွင် အလုပ်လက်မဲ့ဦးရေ ၁၈၀၀၀ ရှိခဲ့သည်။ အမေရိကန်ဒေါ်လာ ငွေကြေးလဲလှယ်မှု၌ ဂျပန်ယန်းငွေ၊ ဆွစ်ဖရန့်နှင့် လဲလှယ်ရာတွင် ဒသမ ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဂျော်ဂျီယာရွေးကောက်ပွဲ သမ္မတဟောင်း ဆာကတ်ဗီလီအနိုင်ရ

ဂျော်ဂျီယာသမ္မတရွေးကောက်ပွဲကို ဇန်နဝါရီ ၆ ရက်က ကျင်းပခဲ့ရာ ဂျော်ဂျီယာသမ္မတဟောင်း မီခေးလ်ဆာကတ်ဗီလီက အနိုင်ရရှိခဲ့သည်။ ထိုသို့ အနိုင်ရရန် ဆန္ဒမဲအားလုံး၏ ၅၃ ဒသမ ၈ ရာခိုင်နှုန်းက ထောက်ခံခဲ့ခြင်းဖြစ်သည်။

အခြား ကိုယ်စားလှယ် ငါးဦးက စုစုပေါင်းပြည်သူ့မဲဆန္ဒ ၂၈ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရရှိခဲ့ကြသည်။

ကင်ညာ၌ မဲများပြန်လည်ရေတွက်မည်

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများဖြစ်ပွားပြီး ပြည်တွင်းမငြိမ်မသက်မှုများကြောင့် မဲများ ပြန်လည်ရေတွက်မည်ဖြစ်ကြောင်း၊ ထိုသို့ မဲရေတွက်မှုကို လာမည့်သီတင်းပတ်အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ကင်ညာရှေ့နေချုပ် အာမို့စ်ဝါအား ပြောကြားလိုက်သည်။

ကင်ညာနိုင်ငံတွင် မကြာမီက ပြုလုပ်ခဲ့သော ရွေးကောက်ပွဲ၌ မဲများရရှိရန် မရိုးမသားပြုလုပ်ခဲ့သည်ဟု အတိုက်အခံတို့က စွပ်စွဲခဲ့ပြီးနောက် ပြည်တွင်း၌ ပဋိပက္ခများဖြစ်ပွားခဲ့ရာ လူများစွာ သေဆုံးခဲ့သည်။

ပစ်ခတ်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

အီရတ်နိုင်ငံ မိုဆူးလ်မြို့မြောက်ပိုင်းတွင် အီရတ်တပ်ဖွဲ့ဝင်တစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။

မိုဆူးလ်မြို့၌ အီရတ်နှင့် အမေရိကန်တပ်ဖွဲ့များ ပူးတွဲစစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်စဉ် အီရတ်တပ်ဖွဲ့ဝင်တစ်ဦးက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်စစ်ဘက်က ကြေညာသည်။

စစ်ကိုင်းဆရာတော်တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၆

ဒဂုံမြို့သစ်(တောင်ပိုင်း) (၅၄)ရပ်ကွက် အင်ကြင်းလမ်း ခင်မကန်တိုက်၏ ဦးစီးပဓာန နာယက သာသနာပြု နယ်လှည့်ဓမ္မကထိက စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်)သည် ဇန်နဝါရီ ၇ရက်တွင် ဇောတိက(အိမ်ရာ) သဃ်န်းကျွန်း၊ ၈ရက်တွင် ကေတုမာလာရိပ်သာ တောင်ဥက္ကလာပ၊ ၉ရက်တွင် သာသနဟိတဓမ္မာရုံ သာကေတ၊ ၁၁ရက်တွင် ပန်းပင်ကြီးလမ်း ကြည့်မြင်တိုင်၊ ၁၂ရက်တွင် ၈၂/၃၃ စနေပတ် ဆွမ်းလောင်းအသင်း ရွှေပြည်သာ၊ ၁၃ရက်တွင် မလွန်ဆန်လှူ အသင်း ထောက်(၅)ရပ်ကွက် သာကေတ၊ ၁၄ ရက်တွင် ဆရာစံတောင် ဝွတ္တာလစ်ဗဟန်း၊ ၁၅ရက်တွင် ထောက်ကြန့် ရဲစုရွာ၊ ၁၆ရက်တွင် မင်္ဂလာဒုံ၊ ၁၈ရက်တွင် မြစိမ်းတောင်ညို သုံးဆယ်မြို့၊ ၂၀ရက်တွင် ဗိုလ်ထွန်းဇံရပ်ကွက် ဒေါပုံမြို့၊ ၂၁ရက်တွင် စမ်းချောင်း၊ ၂၂ရက်တွင် ခေမာကျောင်းလမ်း (ည)ရပ်ကွက် မြောက်ဥက္ကလာပ၊ ၂၃ရက်တွင် သိမ်ကျောင်းပရိယတ္တိစာသင်တိုက် သန်လျင်မြို့၊ ၂၅ရက်နှင့် ၂၆ရက်တွင် ပန်းတနော်မြို့၊ ၂၇ရက်တွင် ဦးဖိုးထူးလမ်း ကြည့်မြင်တိုင်၊ ၂၈ရက်တွင် ကျောက်တန်းမြို့၊ ၃၁ရက်တွင် သီလဝါကုန်းတန်းတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ပြီး ဖုန်း-၀၁-၇၀၇၆၅၂၊ ၀၁-၅၉၁၃၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပထဝီဝင်မိသားစုများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော တက္ကသိုလ်များ ပထဝီဝင်ဌာနမှ အသက်(၆၅)နှစ်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပထဝီဝင်မိသားစုများ၏ န၀မအကြိမ်မြောက် အာစရိယပူဇော်ပွဲကို **ဇန်နဝါရီ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီ**တွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီက ဖိတ်ကြားနိုးဆော်ထားသည်။

အလှူငွေများကို အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင် တက္ကသိုလ်နှင့် ဒဂုံတက္ကသိုလ်များရှိ ကော်မတီဝင်ဆရာ ဆရာမများနှင့် ဦးချား ဖုန်း-၀၉-၅၀-၀၇၇၁၂၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၅၁-၇၃၇၃၈၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၅၀၁၂၁၁၊ ဦးဘသောင်း ဖုန်း-၂၂၉၁၇၄၊ ဦးစိန်အောင် ဖုန်း- ၅၅၄၉၇၀၊ ဦးမြင့်အေး ဖုန်း-၀၉-၅၀-၀၈၅၃၀၊ ဦးနေအောင် ဖုန်း-၀၉-၅၁-၃၁၈၀၉၊ ဦးဝင်းနိုင် ဖုန်း-၀၉-၅၁-၂၂၉၈၉၊ ဒေါက်တာနီလာအောင် ဖုန်း-၀၉-၅၁-၉၂၁၃၈၊ ဒေါက်တာမျိုးမျိုးခိုင် ဖုန်း-၀၉-၅၁-၃၇၉၈၂၊ ဒေါ်အေးအေးမောက် ဖုန်း-၅၈၅၀၁၆၊ ဒေါက်တာခင်နှင်းဖြူ ဖုန်း-၀၉-၅၁-၇၄၂၂၈၊ ဒေါက်တာခင်ခင်ဌေး ဖုန်း-၀၉-၅၁-၈၁၉၆၀၊ ဒေါ်အေးအေးခိုင် ဖုန်း-၀၉-၅၁-၈၆၅၇၃နှင့် ဒေါ်ကြည်ကြည်ဝင်း(ပထဝီဝင်ဌာန) ဖုန်း-၅၃၆၉၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သရက်ဆရာတော် သာသနာပြုခရီးမှ ပြန်လည်ကြွရောက်

ရန်ကုန် ဇန်နဝါရီ ၆

သရက်မြို့ သာသနာ့အလင်းရောင်စာသင်တိုက် မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပမဟာစည် ရိပ်သာများဆိုင်ရာ နာယကနှင့် မဟာစည်နယ်လှည့် ဓမ္မကထိက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တ ကုသလ(ဓမ္မာစရိယ) အရှင်သူမြတ်သည် နိုဝင်ဘာ ၉ရက်မှ စ၍ မလေးရှား၊ စင်ကာပူနိုင်ငံများသို့ ဓမ္မဒူတ သာသနာပြုခရီးကြွရောက်တော်မူပြီး ဇန်နဝါရီ ၂ ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ကြွရောက်တော်မူရာ တရားပွဲပင့်လျှောက်လိုသူများသည် ဆရာတော် ဖုန်း ၀၁-၆၄၄၂၀၀၊ ၀၅၆-၂၂၀၂၁၊ ၀၆၈-၂၁၂၆၅ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်သည်။ **(က-ပ)**

ဖတ်ကြား

ဇန်နဝါရီ ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို လမ်းမတော်မြို့နယ် အထက(၁) ကျောင်းရှေ့အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ဖတ်ကြားစဉ်။
(၁၀၄)

ဇန်နဝါရီ ၄ရက်က နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း)တွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ဖတ်ကြားစဉ်။
(က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) ၂၀၀၇ ခုနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက်က အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်က အမှာစကားပြောကြားပြီး အလုပ် အမှုဆောင်အဖွဲ့က နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားကာ ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးကြသည်။

အစီအစဉ်အရ ၂၀၀၆-၂၀၀၇ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ နုတ်ထွက်ကြောင်း ကြေညာပြီး ၂၀၀၈-၂၀၀၉ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့သစ်ကို အများဆန္ဒအရ ရွေးချယ်တင်မြှောက်ခဲ့ရာ ဥက္ကဋ္ဌပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်နှင့် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ မြင့်သောင်းတို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ဝင် ၄၉ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

ထားဝယ်အသင်းနှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၆

ထားဝယ်အသင်း(ရန်ကုန်)၏ (၈၁)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပါရဂူဘွဲ့ရသူများ ဂုဏ်ပြုခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ်လတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ Royal Garden Restaurant ၌ ကျင်းပမည် ဖြစ်သည်။

၂၀၀၈-၂၀၁၀ခုနှစ်အတွက် အသင်းအမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသူများသည် ဇန်နဝါရီ ၁၆ရက်နောက်ဆုံးထားပြီး အသင်းသို့ ဆက်သွယ်ဆောင်ရွက်ရန်နှင့် ၂၀၀၇ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင်တန်းကိုဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်သားသမီးများ၊ အသက်(၇၅နှစ်)ပြည့်ပြီးသည့် အသင်းဝင်အဘိုး အဘွားများ၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်အတွက် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တက်ခွင့်ရရှိပြီး ပညာသင်ထောက်ပံ့ကြေးခံစားခွင့် လျှောက်ထားလိုသည့် အသင်းဝင်တို့၏ သား၊ သမီးများနှင့် အစည်းအဝေးတွင် အကြံပြုလိုသည့်စာများကို ဇန်နဝါရီ၃၁ရက်နောက်ဆုံးထား၍ အသင်းရုံးသို့ အထောက်အထားများနှင့်တကွ ပေးပို့နိုင်ကြောင်း နိုးဆော်ထားသည်။ **(က-ပ)**

ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ မကွေးတိုင်း ရဲတပ်ဖွဲ့အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၇ခုနှစ် (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒိုင်း ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဒီဇင်ဘာ၂၈ရက် ညနေပိုင်းက နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အသင်းနှင့် မကွေးတိုင်းရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားရာ မကွေးတိုင်းရဲတပ်ဖွဲ့အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆုပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်က ပထမဆု ရရှိသော မကွေးတိုင်းရဲတပ်ဖွဲ့အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ပထမဆုရရှိသော မကွေးတိုင်းရဲတပ်ဖွဲ့အသင်းအား ရဲချုပ်ဒိုင်းနှင့် ဆင့်ပွားဒိုင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရွှေမြန်မာအငြိမ့် ကပြဖျော်ဖြေ

နေပြည်တော် ဇန်နဝါရီ ၆

၂၀၀၈ခုနှစ် နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ထုတ်လုပ်ဌာနခွဲ(ရန်ကုန်) ရွှေမြန်မာအငြိမ့် ကပြဖျော်ဖြေတင်ဆက်မှုကို ယမန်နေ့ ည၇နာရီခွဲက နေပြည်တော် ဘော်လီဘော အားကစားကွင်း၌ ကျင်းပသည်။

ကြည့်ရှုအားပေး

အစီအစဉ်အရ ရွာစားကျော်ဆန်းဝင်း ဆိုင်းအဖွဲ့က ဧည့်ခံပဏာမ ဂီတသံဖြင့်ဖျော်ဖြေပြီး ဘုရားကန်တော့ခန်းဖြင့် စတင်ကပြ တင်ဆက်သည်။ ထို့နောက် ကြိုဆိုဖိတ်ခေါ် နေပြည်တော်သီချင်းကို အနုပညာရှင်များက စုပေါင်းသီဆိုပြီး တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ယင်းနောက် ရှေ့ထွက်မင်းသမီး ဝါဝါလှိုင်က ကောင်းသောရက်၊ အောင်တေးသံ၊ အဖျက်သမားရန် ဒို့တွန်းလှန် အငြိမ့်သီချင်းတို့ဖြင့် လည်းကောင်း၊ အလယ်ထွက်မင်းသမီး စန်းနီလာဝင်းက အလင်္ကာတေး၊ ဖြောသံ၊ အနုပညာအမွေ အငြိမ့်သီချင်းတို့ဖြင့် လည်းကောင်း၊ ခေါင်းဆောင်မင်းသမီး ရွှေတံဆိပ် ၁၇ ဆုပိုင်ရှင် ခိုင်သဇင်သင်းက ရွှေမှုပိုင်၊ ကျွန်မ ခိုင်သဇင်သင်း၊ ကသောလက်နှင့် နှုတ်ဆက်မယ်အငြိမ့် သီချင်းတို့ဖြင့် လည်းကောင်း၊ ခေါင်းဆောင်မင်းသား ထာဝရနိုင်မင်းနှင့်အဖွဲ့က ယဉ်ကျေးပျော်ရွှင် နှစ်ပါးခွင်ဖြင့် လည်းကောင်း ရွှေပွဲလာပြည်သူများအား မြိုင်မြိုင်ဆိုင်ဆိုင် ကပြဖျော်ဖြေ တင်ဆက်သကဲ့သို့ လူရွှင်တော်များဖြစ်ကြသည့် ဝမ်းတူး၊ စိုပြေ၊ ချစ်မွှေးနှင့် လူချောတို့ကလည်း စိတ်ရွှင်လန်းပျော်ရွှင်ဖွယ် ဟာသပြက်လုံးများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများ၊ ဒေသခံရပ်ကွက်ပြည်သူများက ပျော်ရွှင်ချမ်းမြေ့စွာ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

အာကြီးတို့ အက်ဖ်အေဖလား တစ်ဆင့်တက် ကြိုးကြာနီတို့ စိတ်မကျေပွဲ နွှဲရဦးမည်

ဖောင်ပိတ်သတင်း – မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၆

အက်ဖ်အေဖလား တတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ဇန်နဝါရီ၆ ရက်က ဆက်လက်ကစားရာ အာဆင်နယ်က ဘန်လေကို နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့သော်လည်း လီဗာပူးနှင့် လူတန်တို့ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

ဘန်လေနှင့် အာဆင်နယ်

အက်ဖ်အေဖလားရယူရန် မျှော်မှန်းနေသော အာဆင်နယ်သည် ဒါဆေးလ်ဗားနှင့် ဘင့်တနာတို့ တိုက်စစ်အတွဲကို ထုတ်သုံးကာ ၅း၃း၂ အခင်းအကျင်းဖြင့် အာစင်ဝင်းဂါးက ဗျူဟာခင်းကျင်းခဲ့သည်။ ဘန်လေကလည်း အိမ်ကွင်း၌ ၄း၃း၃ ဖြင့် ရင်ဆိုင်ခဲ့ပြီး အာဆင်နယ်ကို မာမာတင်းတင်း တုံ့ပြန်ကစား နိုင်ခဲ့သည်။

ပွဲစသည်နှင့် အာဆင်နယ်က တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲအစ ကိုးမိနစ်မှာပင် အာဆင်နယ်တိုက်စစ်မှူး ဒါဆေးလ်ဗားက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ ဘန်လေတို့ အဖွင့်ဂိုး စောစီးစွာ ပေးလိုက်ရသဖြင့် ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ပထမပိုင်းတွင် ချေပဂိုးမသွင်းနိုင်ခဲ့ချေ။

ဘန်လေနှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်အတွက် ဂိုးသွင်းယူခဲ့သည့် တိုက်စစ်မှူး ဘင့်တနာ ဤသို့ အောင်ပွဲခံခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဘန်လေတို့ အိမ်ကွင်း၌ ချေပဂိုးရရှိရေး အဝင်အထွက်ရဲရဲဖြင့် ထိုးဖောက်ကစားခဲ့ရာ ဘန်လေတိုက်စစ်မှူး လက်ဖ်ဖာတေး ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် မိနစ် ၆၀ တွင် အနီကတ်ပြ အထုတ်ခံခဲ့ရသဖြင့် ဘန်လေတို့ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

အာဆင်နယ်အသင်းက ဘန်လေတိုက်စစ်ကို ဟန့်တားရင်း ဂိုးရရှိရေး ကြိုးစားခဲ့ရာ ၇၅ မိနစ်၌ တိုက်စစ်မှူး ဘင့်တနာက တစ်ဂိုးသွင်းယူနိုင်ခဲ့သဖြင့် အာဆင်နယ်တို့ အဝေးကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လူတန်နှင့် လီဗာပူး

လီဗာပူးတို့ အဝေးကွင်း၌ လူတန်ကို အကြိတ်အနယ် ကစားခဲ့ရသည်။ လူတန်တိုက်စစ်မှူး တယ်ဘော့နှင့် အင်ဒရူးတို့က လီဗာပူးနောက်တန်းကို ထိုးဖောက်ကစားခဲ့ရာ ဟက်ပီယာ ဦးဆောင်သော လီဗာပူးခံစစ်မှူးများ ကြိုးစားဟန့်တားခဲ့ရသည်။

လီဗာပူးတိုက်စစ်တွင် ဒရက်ကွတ်၊ ပီတာခရော့ချ်နှင့် ဘာဘယ်တို့က လူတန်ဘက်သို့ အကြိမ်ကြိမ် ထိုးဖောက်ကစားခဲ့သော်လည်း ကန်ချက်မမှန်မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

လက်ဆောင်ဂိုး

ဒုတိယပိုင်းတွင် ဘီနာယောင်နှင့် ရီစီတို့က လီဗာပူးတိုက်စစ်ကို အားဖြည့်ကစားခဲ့ရာ လီဗာပူးတိုက်စစ်မှူး ပီတာခရော့ချ်က ၇၃မိနစ်၌ အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော် လူတန်တို့က တန်ပြန်တိုက်စစ်အရှိန်မြင့်ပြီး ကစားခဲ့သဖြင့် ပွဲချိန် ၇၅ မိနစ်၌ လူတန်တို့ ဘယ်ခြမ်းမှ ဂိုးရှေ့သို့ ခုတ်တင်ပေးလိုက်သည့် ဘောလုံးကို လီဗာပူးမှ ရီစီက ဖျက်ထုတ်ရာ ဂိုးဝင်သွားသဖြင့် လူတန်တို့ လက်ဆောင်ဂိုးရရှိခဲ့သည်။

အခြားပွဲရလဒ်

ဒါဘီ	၂–၂	ရှက်ဖ်ဖီး
ဖူလ်ဟမ်	၂–၂	ဘရစ္စတိုရီဗာ

စပိန်လာလီဂါပွဲ ရလဒ်များ

ဒီပို့တီဗို	၀–၃	အက်သလက်တီကို
ဂီတာဖေး	၀–၃	ဗယ်လာဒိုးလစ်
မာစီယာ	၂–၀	အိုဆာဆူနာ
ရေးဆင်း	၁–၀	ဘီလ်ဘာအို
ရီခရီယေးတီဗို	၁–၁	အယ်လ်မီးရီးယား
ဗလင်စီယာ	၀–၀	လီဗန်တေး
ရီးရဲမက်ဒရစ်	၂–၀	ဇာရာဂိုဇာ (ဒုတိယပိုင်း ၃၁ မိနစ်အထိ)

(အင်တာနက်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊
အင်ကြင်းမြိုင်အိမ်ရာ၊ တိုက် ၆/၀၀၄ နေ
ဦးတင်မောင်ရင်(စာတည်း၊ မြန်မာ့သတင်းစဉ်၊ နိုင်ငံခြား)–
ဒေါ်နွဲ့နွဲ့ရီ(ဦးစီးအရာရှိ၊ ကညနရုံးချုပ်)တို့၏သားကြီး

မောင်အောင်မြင့်ဦး(ခ)ဖြူဖွေး

B.A(Business Management), D.A(LCCI-UK) နှင့်
ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊
အင်း၀ ၈လမ်း၊ အမှတ် ၉၅၉ နေ
(ဦးခင်ဝင်း)–ဒေါ်ကြင်ပို့(အထက–၂၊တောင်ဥက္ကလာပ)တို့၏သမီးကြီး

မချမ်းမြေ့အေး(ခ)မြတ်နိုး

B.A(Business Management)

တို့သည် ၆–၁–၂၀၀၈ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများရှေ့မှောက်တွင် မင်္ဂလာညှော်ခံပွဲ ကျင်းပပြီးစီးပါကြောင်းနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မြင့်ဦး–မချမ်းမြေ့အေး။

ကုန်စည်ပြပွဲကျင်းပမည်

ပြည်မြို့	၁၀–၁–၂၀၀၈	မှ	၁၄–၁–၂၀၀၈	ရွှေခြသေ့ သမဝါယမအသင်း လီမိတက်
မုံရွာမြို့	၂–၂–၂၀၀၈	မှ	၆–၂–၂၀၀၈	
ကလေးမြို့	၁၀–၂–၂၀၀၈	မှ	၁၄–၂–၂၀၀၈	
ရွှေဘိုမြို့	၁၉–၂–၂၀၀၈	မှ	၂၃–၂–၂၀၀၈	

ဖုန်း–၀၉–၅၁–၇၃၀၇၆၊ ၀၉–၅၀–၃၁၆၆၀၊ ၃၇၁၈၀၀(လိုင်းခွဲ–၃၉၄/၄၀၈)၊ ၆၃၆၅၀၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၇၄/၇၆၊ အခန်းအမှတ် ၃၃၊ ဒုတိယထပ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို အမည်ပေါက် ပိုင်ရှင်ဖြစ်သူ ဒေါ်မြသီတာထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးဝင်းမြင့် နိုင်ငံသားအမှတ် ၉/မရမ(နိုင်)၀၅၈၆၄၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးမှ ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ ၁၀ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ဘော် LL.B, DBL, DML, DIL
ဒေါ်အေးအေးစိုး B.Sc, Hon(IC), HGP, R.L, D.B.L
တရားရုံးချုပ်ရှေ့နေများ
အမှတ်၂၇(က)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၄၈၆၆၊ ၀၉–၅၀–၁၇၀၄၄။

လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ် ၂၀ နေ
ဦးတင့်ဆွေ(အင်ဂျင်နီယာမှူး၊ လမ်းအထူး–၁၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လားရှိုးမြို့)–
ဒေါ်ယဉ်ယဉ်ညွန့်(ဆေးနှင့်ဆေးကိရိယာ၊ ငြိမ်း) တို့၏ တစ်ဦးတည်းသောသား

မောင်အောင်ညွန့်ဆွေ

B.Sc(Eng:)IT, B.A(English)
B.A(Multimedia Arts)(Hons;)(UK),Diploma in Multimedia Arts (S' pore)
Diploma in IT, EC,CA
Managing Director(Myanmar MTN Co., Ltd.)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဦးလွန်းလမ်း၊ အမှတ် ၃၆ နေ
ဦးခင်မောင်မြင့် (MD, Asia Treasure Co., Ltd.)–ဒေါ်ရီရီသစ်(အထက်တန်းပြဆရာမ၊
အထက–၁၊ တာမွေ)တို့၏ သမီးဦး

မကြည်ဖြူလင်း

B.C.Sc(Hons;)U.C.S.Y, B.A(English), Diploma in ESP(Q)
နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)

တို့၏ ၆–၁–၂၀၀၈ ရက်တွင် ရန်ကုန်မြို့ Strand Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဇနီး ဒေါ်မြသန်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော် တေးသီချင်းသီဆိုပေးပါသော တေးသံရှင် နွဲ့ယဉ်ဝင်းနှင့် The Aces တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော Akai နှင့်အဖွဲ့၊ Channel ဓာတ်ပုံတိုက်မှ သူငယ်ချင်းများ၊ မိတ်ကပ်နှင့် မင်္ဂလာဝတ်စုံပြင်ဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ပန်းအလှပြင်ဆင်မှုနှင့်အတူ အဘက်ဘက်မှ အကူအညီပေးသော လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော သရုပ်ဆောင် သဉ္ဇာဝင့်ကျော်၊ မင်္ဂလာပန်းနှင့် မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော အေးအေးငြိမ်းနှင့် အိအိငြိမ်း၊ သတို့သားအရံ၊ သတို့သမီးအရံတို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများ၊ Strand Hotel မှ မန်နေဂျာ ဦးကိုကိုလေးနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ညွန့်ဆွေ–မကြည်ဖြူလင်း။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

ပုသိမ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ **သီရိသုဓမ္မဇောတိကဓဇ ဦးစိုးဟန်လင်း** သည် ၂၀၀၈ ခုနှစ် ဇန်နဝါရီ၄ ရက် နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် ထုတ်ပြန်သော **အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်** အား ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် တိုင်းပြည်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး တိုး၍တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဦးသန်းအောင်လင်း(ရာပြည့်ကုမ္ပဏီလီမိတက်)	ဦးဝင်းငွေ (Swallow King Trading Co., Ltd.)
ဦးတင်အောင်(Diamond Dragon Co., Ltd.)	ဦးကိုကိုကြီး(Hotel Halpin)
ဦးမြင့်နိုင်(လုဝန်းရတနာ ဆန်ရောင်းဝယ်ရေး)	ဒေါက်တာဦးအောင်ငွေး(ကာတီယာစိန်တိုက်)
ဦးလေးတင့်(လူပုံတော်ပတ္တမြား)	ဦးထွန်းလှ–ဒေါက်တာခင်စန်းဝင်း
ဦးတင်ဦး(ဒီဇင်ဘာအလှကုန်)	(တော်ဝင်နန်းအထူးကုဆေးခန်း)
ဦးခင်မောင်ဝင်း(ရွှေမန်းတောင်တိုင်းရင်းဆေးဝါးလုပ်ငန်း)	ဦးသက်ဝင်း(အောင်အီလက်ထရွန်နစ်)
ဦးအောင်သိန်းလွင်(နှင်းဆီကုန်းအထူးကုဆေးခန်း)	ဦးလှဦး(ရွှေမင်္ဂလာအထည်ချုပ်စက်ရုံ)
ဦးသိန်းလွင်(တိုးနယားပွဲရုံ၊ အာရုတော်ဝင်အထူးကုဆေးခန်း)	ကံ့ကော်တောဦးမျိုးအောင်(အနုပညာရှင်)
ဦးထွန်းထွန်းဦး–ဒေါ်ရင်ရင်မြ(စိန်ဧကရာဇ်စိန်တိုက်)	ဦးလှငွေး(Royal Star Trading Co., Ltd.)
ဦးအောင်ရွှေ(ငွေသဇင်မင်း ပဲဆီသန့်၊ ထွန်းတောက်နိုင် Co., Ltd.)	ဦးအောင်နိုင်လေး(အင်ဂျင်နီယာ)
ဦးမျိုးအောင်–ဒေါ်မြအေး(အောင်သရဖူရေယာဉ်ကုန်စည်ပို့ဆောင်ရေး)	ဒေါ်ပေါ့ပေါ့(အာရုတော်ဝင်အထူးကုဆေးခန်း)
ဦးထွန်းထွန်း(Fully ကျောက်မျက်ရတနာနှင့် T.S.T စက်ပန်းထိမ်)	ဦးကြည်ဝင်း(SHE ညမွှေးပန်း Co., Ltd.)
ဦးစိုးဝင်း(အင်ဂျင်နီယာမှူး၊ ကညန)	ဒေါက်တာဆန်းရွှင်
ဦးစိုးမြတ်အောင်(S.M.A Advertising & Publishing Group)	(Kyi Global Associates Co., Ltd.)
ဦးကျော်ကျော်ဝင်း (စင်းမာပရိဘောဂကုမ္ပဏီလီမိတက်)	ဦးမောင်မောင်စိုး (ပက်ကားစံ ဆန်နှင့်ပဲရောင်းဝယ်ရေး)

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင် - လန်ဒန်)
LCCI သင်တန်းများ ခပြီး
ခုံနံပါတ်ယူထားနိုင်သည်။
အမှတ် (၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)
☎-371741, 391102

သင်္ချာသနားနည်း
ဘာသာစုံ
သင်ကြားမှု
■ အရည်အချင်းပြည့်ဝသောဆရာများ သင်ကြားသည်
ကျောင်း ကြိုအပ်လက်ခံပြီ
- ကြိုအပ်မှ စိတ်ချရမည်
- မတ်လဆန်း စမည်
- ကျောင်းပြန် ကား(ferry) စီစဉ်ပေးသည်

ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အမိန့်ကြော်ငြာစာ
အမှတ် ၂/၂၀၀၈
၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်သည်–

(ယမန်နေ့ကအဆက်)

လူမှုထူးချွန်တံဆိပ် (ပထမဆင့်)

၆၃။ ဦးကျော်ဆွေဝင်း အဆောက်အအုံဆေးသုတ်လုပ်ငန်း၊ အမှတ်(၈၉)၊ ၂၆×၂၇ လမ်းကြား၊ ၇၄လမ်း၊ အကွက်(၇၂၆)၊ မန္တလေးမြို့။

၆၄။ ဦးခင်ထွန်း အရောင်းအဝယ်၊ ကမ်ဘဲကျေးရွာ၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၆၅။ ဦးအောင်ခင် အရောင်းအဝယ်၊ (၁)ရပ်ကွက်၊ တတ–(၂၄) ရတနာပုံမြို့သစ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၆၆။ ဦးမြသောင်း ဈေးရောင်း၊ အကွက်(၆၁၀) ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၆၇။ ဦးရဲဝင်း အရောင်းအဝယ်၊ အကွက် (၆၁)၊ ပြည်လုံးချမ်းသာရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၆၈။ ဦးတင်အောင် အရောင်းအဝယ်၊ ယဉ်တော်စံကျေးရွာ၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၆၉။ ဦးညွန့်မောင် အရောင်းအဝယ်၊ အမှတ်(၅)ရပ်ကွက်၊ ဇရပ်ကွင်းကျေးရွာ၊ အုံးဖုံးအုပ်စု၊ သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်း။

၇၀။ ဦးမိုးအေး ရွှေပန်းထိမ်၊ အကွက်နံပါတ် ၂၆၁၊ ပြည်ကြီး ပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၇၁။ ဦးစိုးနိုင် ရွှေပန်းထိမ်၊ အကွက်(၂၀)၊ ဥပုသ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၇၂။ ဒေါ်အေးအေး ဈေးရောင်း၊ အမှတ် ၁၂၈၊ မြသီတာလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၇၃။ ဦးညွန့်လှိုင် အရောင်းအဝယ်၊ အကွက် (၂၈၇)၊ ပျော်ဘွယ်အနောက်၊ (၃၄)လမ်း၊ ၈၇×၈၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၇၄။ ဦးယုတင် ပွဲရုံစာရေး၊ အကွက်အမှတ်(ဝ/ဂ)၊ ဦးပိုင်အမှတ်(၃၀)၊ ၆၈ လမ်းနှင့် ဝေသာလီလမ်းထောင့်၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၇၅။ ဦးစန်းမြင့် တပ်ကြပ်ကြီး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာ၊ နယ်မြေ (၇)၊ ကလေးဆေးရုံရှေ့လမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၇၆။ ဦးလှမြင့် ဈေးသည်၊ အကွက်(၅၁)၊ အိုးဘို/ရွှေကျင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၇၇။ ဦးသန်းဦး ဈေးရောင်း၊ ၃၁၃၀–၁၅/၂၀(ခ)၊ ၅၈×၅၉ လမ်းကြား၊ မင်းကြီးရန်နောင်လမ်း၊ ဆင်ပန်းကုန်သည်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၇၈။ ဦးအောင်နိုင် အရောင်းအဝယ်၊ အကွက်(၂၆၈)၊ ပျော်ဘွယ်အနောက် (၈၈)လမ်း၊ ၃၂–၃၃ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၇၉။ ဦးဝင်းသိန်း ကုန်သည်၊ တိုက်(၅)၊ အခန်း(၄)၊ အရှေ့ပြင်ဝန်ထမ်းအိမ်ရာစခန်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၈၀။ ဦးဆယ်အောင် ဈေးရောင်း၊ ချမ်းမြသာယာရပ်၊ လ–ဝ/၂၄၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၈၁။ ဦးမောင်စိန် အနေးယာဉ်လုပ်သား၊ ချမ်းမြကန်သာရပ်၊ မြို့မ(၄)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၈၂။ ဦးထွန်းထွန်း ဌာနစိတ်မှူး၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က) အဆင့်၊ ပဋ္ဌနဂိုရ်၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

၈၃။ ဦးမြင့်သိန်း(တပ်မတော်အငြိမ်းစား) လုံခြုံရေး၊ Hi-Tech စက်ရုံ၊ ၆၂ လမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၈၄။ ဦးကက်နက်ထွန်းမောင် အရောင်းအဝယ်၊ အကွက်(၉၄)၊ မင်းတဲအီကင်းရပ်၊ အောင်မြေသာစံမြို့နယ်။

၈၅။ ဦးဝင်းနိုင် ကယ်ဘရိတ်၊ မဟာမြိုင်(၁)၊ အပိုင်း(၅)(က) မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၈၆။ ဦးတင်မောင်ဝင်း ဈေးရောင်း၊ အကွက်(၃၉၇)၊ သံလျက်မော်အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၈၇။ ဦးကိုကြီး သံဂဟေလုပ်ငန်း၊ အကွက်(၂၆၄)၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၈၈။ အရှင်ပဏ္ဍိတ သင်ကြားစီမံ/ကထိက(သံဃာတော်)၊ ပထမမွန်တန်းကျောင်း၊ မိုးတားတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။

၈၉။ ဦးရင်အောင် အရောင်းအဝယ်၊ အကွက်(၂၈၇)၊ ပျော်ဘွယ်အနောက်၊ ၃၄–လမ်း၊ ၈၇–၈၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၉၀။ ဦးပဏ္ဍိစ္စ မဟာဝိဇလမင်္ဂလာရာမကျောင်းတိုက်၊ ၁၈ လမ်း၊ ၈၇×၈၈ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၉၁။ ဦးခင်ဝင်း ကျပန်း၊ မ(၃၉)၊ အင်ကြင်းမြိုင်လမ်း၊ ဘုရားလေးဆူရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၉၂။ ဦးစံသိန်း အရောင်းအဝယ်၊ သရပ်ချောင်းရပ်ကွက်၊ ပလိပ်မြို့၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။

၉၃။ ဦးမျိုးလွင် ပရိဘောဂ၊ အမှတ် ၃၈၅၊ ဗိုလ်ချုပ်လမ်း၊ သိမ်ကျောင်းရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၉၄။ ဦးဝင်းမြင့် အရောင်းအဝယ်၊ အမှတ် ၆၄၁၊ ကဥ္စဏမဟီရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၉၅။ ဦးလှဝင်း အမှတ် (၃)တက္ကသိုလ်လေ့ကျင့်ရေးတပ်၊ ဈေးကြိုရပ်ကွက်တောင်ဝိုင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၉၆။ ဦးကျင်မောင် ခရိုင်စာရင်းစစ်ရုံး(အငြိမ်းစား)၊ အမှတ် ၁၅၇၊ ၅/က၊ အမှတ်(ဂ)ရပ်ကွက်၊ အေးသုခလမ်း၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်။

၉၇။ ဦးလှငွေ အရောင်းအဝယ်၊ မြောက်မြေရပ်ကွက်၊ ပလိပ်မြို့၊ စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။

၉၈။ ဦးအောင်အောင်(ခ)ဦးအောင်သောင်းလှိုင် ဓာတ်ပုံလုပ်ငန်း၊ နန်းရှေ့ဈေးကြီးမြောက်ဘက်၊ အကွက်အမှတ်(၅)၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၉၉။ ဦးကျော်ရင် အနေးယာဉ်လုပ်သား၊ အမှတ် ၁၇၊ သုမာလာလမ်း၊ ဒီဇယ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၀၀။ ဒေါ်စန်းစန်းရွှေ ဈေးရောင်း၊ မြသီတာလမ်း၊ ပိန္နဲတိုက်ရပ်၊ မြို့မ(၃)၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၁၀၁။ ဦးဗိုလ်သဲစံ အလယ်တန်းပြ၊ လက်ကောင်းအလကခွဲ၊ ပုသိမ်ကြီးမြို့နယ်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

၁၀၂။ က–၁၂၉၀၀ တပ်ကြပ်လှထွေး အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)

၁။ ဦးစိုးမိုး (ပန်းချီစိုးမိုး) ရိုက်ကူးရေးနှင့် ထုတ်လုပ်ရေးအကြံပေးအရာရှိ၊ တပ်မတော်ရုပ်မြင်သံကြား ထုတ်လုပ်ရေးတပ်၊ ကာကွယ်ရေး ဝန်ကြီးဌာန။

၂။ ဦးငြိမ်းမင်း(ခ)ဦးမျိုးအောင် ဓာတ်ညွှန်း အကြံပေးအရာရှိ၊ တပ်မတော်ရုပ်မြင်သံကြားထုတ်လုပ်ရေးတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။

၃။ ဒေါ်မိမိမော် အသင်းအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၄။ မမေခင်ယမင်း ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၅။ မစန်းစန်းမော် ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၆။ မစန်းစန်းသိန်း ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၇။ မမိုးမိုးဝါ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၈။ မအေးနန္ဒာလှိုင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၉။ မသန်းသန်းထွေး ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၁၀။ မဇင်မာဝမ်း ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၁၁။ မစန်းယုနိုင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။

၁၂။ ဦးသန်းညွန့် ကုန်သည်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၁၃။ ဦးစိုးအောင် ရပ်ကွက်(၁၁)၊ ဖားအောက် ကျေးရွာ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၄။ သီရိသုမေ္မဓာဓောတရေ ဦးကိုကိုအေး အုပ်ချုပ်မှုဒါရိုက်တာ၊ အမျိုးသားဂေါက်သီးလေ့ကျင့်ရေး (မြန်မာ)လီမိတက်၊ ရန်ကုန်တိုင်း။

၁၅။ ဦးကြိုင် ဆီစက်လုပ်ငန်း၊ ကျွဲဒုံးကျေးရွာအုပ်စု၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

၁၆။ ဒေါ်မာလာကျော်မြင့် ပန်းဘဲတန်းကျန်းမာရေးသမဝါယမ၊ အမှတ် ၁၄၊ ခွာညို(၆)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၁၇။ ဦးကျော်ရင် လက်သမား၊ အမှတ် ၄၉၂၊ မာလာရုံလမ်းသွယ်၊ အောင်ခမ္မရိပ်သာ၊ အမှတ်(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၈။ ဦးစိုးနိုင် ယာဉ်မောင်း၊ လိုင်း(၁၈)၊ မြို့ပတ်(၈)လမ်း၊ မြို့မ(၁)ရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်း။

၁၉။ ဦးကျော်မြင့် လုပ်သား၊ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၀။ ဦးသုဇာတ ကျောင်းထိုင်၊ သာသနမာမကကျောင်း၊ အနောက်ခမတ်ကျေးရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။

၂၁။ ဦးအောင်လေး ကုန်သည်၊ အမှတ် ၁၂/၅၇၂၊ မာဃ(၈)လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ဦးဝင်းထွဋ် အရောင်းအဝယ်၊ အမှတ် ၁၄/၁၆၊ ခေါင်ရမ်းလမ်း၊ (ဂ)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၃။ ဦးစောလွင် လက်ထောက်ကထိက(မြန်မာစာဌာန)၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန။

၂၄။ အရှင်သာဂရ သာသနာ့ဝန်ထမ်း၊ ရတနာသိင်္ဂီကျောင်းဆောင်၊ ဇေယျဝတီကျောင်းတိုက်၊ ဘူတာရုံလမ်း၊ အမှတ်(၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၅။ ဦးစိန်ကန့် မွေးမြူရေး၊ အမှတ် ၅၆၁၊ နတ်သျှင်နောင်လမ်း၊ စက်ဆန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၂၆။ ဦးဝင်းထွန်း စက်မှုကျွမ်းကျင်(၃)၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (ဘုရင့်နောင်)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၂၇။ ဦးခင်မောင်ဝင်း အလုပ်ရုံစုမှူး(စီမံရေး)၊ ချည်မျှင်နှင့်အထည်စက်ရုံ (ပခုက္ကူ)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။

၂၈။ ဦးသိန်းဟန် လက်နှိပ်စက်စာရေး၊ သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။

၂၉။ ဒေါ်ခင်စန်းဝင်း အရောင်းအဝယ်၊ အမှတ် ၃၁၊ ကျောင်းကုန်း(၁)လမ်း၊ အမှတ်(၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၀။ ဦးဝင်းမြင့် အရောင်းအဝယ်၊ (၂၁)ရပ်ကွက်၊ ပုဂံလမ်း၊ အောင်မင်္ဂလာဘုန်းကြီးကျောင်း၊ ရွှေပေါက်ကံမြို့သစ်၊ ရန်ကုန်တိုင်း။

၃၁။ ဦးသန်းဝင်း အရောင်းအဝယ်၊ အမှတ် ၁၁၅၉၊ နဝရတ်(၅)လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၂။ ဦးအေးကြူ စစ်မှုထမ်း(အငြိမ်းစား)၊ အမှတ် ၈/၄၈၊ အမှတ်(၁)စစ်မှုထမ်းဟောင်းစံပြရွာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၃။ ဦးကြည်သောင်း ကုန်သည်၊ အမှတ် ၁၁၆၊ အင်းစိန်လမ်း၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၄။ ဦးသိန်းဝင်း ကြက်ခြေနီတပ်ခွဲမှူး၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ သုံးခွမြို့၊ ရန်ကုန်တိုင်း။

၃၅။ ဦးသက်နိုင်ဦး ပို့ဆောင်ရေးဝန်ထမ်းဟောင်း၊ မြန်မာ့မီးရထား၊ တိုက်အမှတ်(၅၃)၊ အခန်း(၃)၊ အထက်ပန်းဆိုးတန်းလမ်း၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ဦးချစ်ကို အဆောက်အအုံလုပ်ငန်း၊ ၄၄၊ မင်းရဲကျော်စွာ(၆)လမ်း၊ (၇၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဦးကံသိန်း K.S.T Travel & Tour Co.,Ltd. အမှတ် ၆၅၁၊ အေးရိပ်သာ(၂)လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဦးစံသွင် လယ်လုပ်၊ မုသင်ကျေးရွာအရှေ့ပိုင်း၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၃၉။ ကိုယ်ပိုင်အမှတ်–၂၀၆၃၇ တပ်ကြပ်ကြီး/၉၂ ကျော်ကျော်၊ ရေတပ်စစ်တီးဝိုင်းတပ်၊ တပ်မတော်(ရေ)ကာကွယ်ရေးဝန်ကြီးဌာန။

၄၀။ ဦးမြင့်သိန်း လက်ထောက်မန်နေဂျာ၊ ဘတ်ဂျက်ဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

၄၁။ ဦးကျော်ဝင်း ဒုတိယကြီးကြပ်ရေးမှူး၊ ကုန်ထုတ်ရောင်းချဖြန့်ဖြူးရေးဌာန၊ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။

၄၂။ ဦးကျော်ကျော်အောင် ပုံနှိပ်ကျွမ်းကျင်–၃(စာစီ)၊စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။

၄၃။ ဦးစိုးအောင် ကျွမ်းကျင်–၅(စက်မှု)၊ စက်ခေါင်းပြင်စက်ရုံ(ရန်ကုန်)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

၄၄။ ဦးလွင်ဦး သစ်စစ်(၃)၊ အမှတ်(၄)သစ်စက်၊အလုံ၊မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။

၄၅။ ဦးလှတင် ဈေးရောင်း၊ အမှတ်၁၂၈၈၊ အောင်သုခ၂၆လမ်း၊၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၄၆။ ဦးစိုးမြင့် စစ်မှုထမ်း(ငြိမ်း)၊အမှတ်၈၀၊ ထောက်ကြန့်၊တိုးချဲ့ ၃ရပ်ကွက်၊ ၃လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

၄၇။ ဦးထင်ကျော် ဈေးရောင်း၊ အမှတ်၁၃၉၃၊လှိုင်ကော်လမ်း၊ ၄၆ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄၈။ ဦးသိန်းဝင်း ကုန်သည်၊ အမှတ်၉၇၊ ကံ့ကော်မြိုင်လမ်း၊ ပါရမီရိပ်သာ၊ ၈ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၉။ ဦးကျော်လင်း လက်ထောက်ကြီးကြပ်ရေးမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

၅၀။ ဦးသန့်ဇင် ဒုတိယဦးစီးမှူး(ဝန်ကြီးရုံး)၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

၅၁။ လ ၁၄၇၆၇၄ ရဲအုပ်သန်းသန်းအေး ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။

၅၂။ ဦးညွန့်အောင် လူနာခန်း လက်ထောက်၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မော်လမြိုင်မြို့၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၅၃။ ဦးမောင်အေး လူနာခန်းလက်ထောက်၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၅၄။ ဦးညိုဝင်း လုံခြုံရေး၊ ဒေသန္တရဆေးပေးခန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

၅၅။ ဦးဇော်လွင် ရတနာလုပ်ငန်း၊ အမှတ် ၁၆/၁၈၉၊ အမှတ်၁၆ရပ်ကွက်၊ ကုန်သည်ကြီးလမ်း၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၅၆။ ဦးချစ်သိန်း အနေးယာဉ်လုပ်သား၊ အမှတ် ၁၀(အေ)၊ ဂန္ဓမာလမ်း၊ မြို့မ ၁၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၅၇။ ဦးအေးစိုး ဈေးရောင်း၊ အမှတ် ၈၊ မြင်းခြံလမ်း၊လေးဆူရပ်၊ မြို့မ၃၊ မုဒုံမြို့၊ မွန်ပြည်နယ်။

၅၈။ ဦးလှမြင့် အရောင်းအဝယ်၊ အကွက်၁၄၅၊မေဃဂီရိရပ်ကွက်၊ ၁၈–၁၉ ကြား၊ ၈၁–၈၂ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၅၉။ ဦးမောင်မောင်လွင် ဈေးသည်၊ ကျောက်မီးကျေးရွာ၊ ပြင်ဦးလွင်လမ်း၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။

၆၀။ ဦးအုန်းသွင် လုပ်သား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၊ အလုပ်သမားဝန်ကြီးဌာန။

၆၁။ ဦးရေဝတ လက်ထောက်သာသနာပြု၊ ရွှေလိုဏ်ဂူကျောင်း၊ ကျောက်တလုံးကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၆၂။ ဦးသန်းမြင့် ဈေးရောင်း၊ အမှတ် ၂၃၄၊ မော်လမြိုင်–သံဖြူဇရပ်ကားလမ်း၊ လမ်းမကြီးရပ်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၆၃။ ဦးမြင့်ဝင်း ကျပန်း၊ သိမ်ကျောင်းရပ်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။

၆၄။ ဦးစန်းဦး ကုန်သည်၊ ဆိတ်မကျေးရွာ၊ အမာမြို့၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။

၆၅။ ဦးဇနိက သံဃာတော်၊ မင်းကွန်းတိုက်၊ အောင်သပြေကျောင်း၊ (၃၄)လမ်း၊ ၈၈ × ၈၉ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၆၆။ ဦးအေးဝင်း အရောင်းအဝယ်၊ ဒေါနရပ်ကွက်၊ မြစ်ငယ်မြို့၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း။

၆၇။ ဦးဝိမလ သံဃာတော်၊ ငွေးချိုကျောင်းတိုက်၊ မအူပင်အုတ်ကျောင်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။

၆၈။ ဦးခင်စိုး ဆရာဝန်၊ အမှတ် ၂၆၉၊ မြင်းခြံလမ်း၊ ဈေး/အရှေ့ပြင်ရပ်၊ သြဇာခြံနယ်မြေ၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ အဆက်

၆၉။ ဦးအောင်ငွေ ဈေးရောင်း၊ မင်းလမ်း၊ သိမ်ဆိပ်ကျေးရွာ၊ သထုံမြို့နယ်၊ မွန်ပြည်နယ်။
၇၀။ ဦးမြင့်စိုး တာယာကွန်ပေါင်းလုပ်ငန်း၊ အမှတ် ၁၅၊ ဆီဆုံ(၃)လမ်း၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၇၁။ ဦးတင်နွဲ့ ရုံးအုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)၊ ပြည်ထဲရေးဝန်ကြီးဌာန။
၇၂။ ဦးအုန်းလွင် လျှပ်စစ်ကျွမ်းကျင်(၄)၊ ရွှေကျင်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၇၃။ ဦးသန်းနိုင် ကျောင်းစောင့်၊ အမှတ်(၁၅) အထက မန္တလေး၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၇၄။ ဦးခင်မောင်မြင့် လက်ထောက်အုပ်ချုပ်ရေးအရာရှိ၊ အဖျောက် သဘာဝဓာတ်ငွေ့မြေ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။
၇၅။ ဦးကျော်ညွန့် လုပ်သား၊ မြို့နယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံး၊ ကြည့်မြင်တိုင်၊ အလုပ်သမားဝန်ကြီးဌာန။
၇၆။ ဒေါ်ဆွေဆွေသန်း မူလတန်းပြ၊ အထက(၄) ကြည့်မြင်တိုင်၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၇၇။ ဦးအေးရွှေ(ခ)ဦးအေးဆွေ သန့်ရှင်းရေး၊ အထက(၂)၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၇၈။ ဦးကျော်သန်း လယ်ယာလုပ်ငန်း၊ အမှတ် ၁၆၆၆(က)၊ သလာဝတီ(၄)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၇၉။ ဦးဇော်ဝင်း(ခ)ဦးမောင်မောင် အရောင်းအဝယ်၊ အမှတ်(၁/၂၈) ရွှေနတ်ဂူဘုရားလမ်း၊ နွယ်ခွေ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၈၀။ ဦးချစ်လှိုင် ဈေးရောင်း၊ အမှတ် ၂၄၊ မာလာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈၁။ ဦးတိုးမြင့် ယာဉ်မောင်း၊ အမှတ် ၁၆၊ ဈေးလမ်း၊ စောရန်ပိုင်တောင်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၈၂။ ဦးသန်းဝင်း ဒုတိယဓာတ်ခွဲခန်းမှူး၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၈၃။ ဦးဇော်လင်း အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။
၈၄။ ဦးအောင်စိုးဦး လက်မှုကျွမ်းကျင်(၃)၊ လျှပ်စစ် အင်ဂျင်နီယာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးဝန်ကြီးဌာန။
၈၅။ ဦးဝင်းကြည် လွှာထိုးစက်ကိုင်(၅)၊ အမှတ်(၆)သစ်စက်၊ ဗိုလ်တထောင်၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၈၆။ လ ၁၈၀၈၁၈ ဒုရဲအုပ်အောင်ဇော် မှူခင်းတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန။
၈၇။ ဦးကျော်စိန် အလုပ်ရုံခွဲမှူး (ကုန်ထုတ်)၊ ချည်မျှင်နှင့် အထည်စက်ရုံ(ဆားလင်းကြီး)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

လူမှုထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးစိန်ဝင်း ဦးစီးအရာရှိ(ဂီတ)၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂။ ဦးစိုးမင်း ဦးစီးအရာရှိ(သံစုံ)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန။
၃။ ဦးမြင့်သန်း အနုပညာရှင်(၂)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန။
၄။ ဒေါ်မြင့်မြင့်ခိုင် ရုပ်ရှင်သရုပ်ဆောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ ပြန်ကြားရေးဝန်ကြီးဌာန။
၅။ ဦးစိုးသိန်း(ခနဖြူစိုးသိန်း)၊ ခေတ်ပေါ်တေးဂီတ စိစစ်ရေးအဖွဲ့ဝင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန။
၆။ ဒေါက်တာတင်ထွန်းဦး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၇။ ဦးကျော်နိုင် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၈။ ဦးစိုးမြင့်လွင် အဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၉။ ဒေါ်မြတ်မြတ်ဦး အုပ်ချုပ်သူ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၀။ ဦးအေးကြူ နည်းပြချုပ်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၁။ ဦးချစ်နိုင် လက်ထောက်နည်းပြ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၂။ ဦးကျော်တင့် နည်းပြ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၃။ ဒေါက်တာ မော်လီချစ်၊ လက်ထောက်ဆရာဝန်၊အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၁၄။ ဒေါ်သီတာဦး သူနာပြု၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန။
၁၅။ မသင်းသင်းစိုး ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၆။ မစိမ်းချိုအောင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၇။ မရွှေစင်အောင် ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၈။ မမြင့်မြင့်အေး ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၁၉။ မခင်မိုးဝေ ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၀။ မစုစုဝေ ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၁။ မငြိမ်းငြိမ်းအိ ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၂။ မမိုင်နီလာထွေး ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၃။ မခင်မာလာထွန်း ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၄။ မမာဂရက်မေရီ ကစားသမား၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန။
၂၅။ ဦးရားဝမ်ဂျုံး အတွင်းရေးမှူး၊ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြစ်ကြီးနားမြို့။
၂၆။ ဦးဂဲနက်စ် ဦးစီးမှူး(ပထမတန်း)၊ ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မြစ်ကြီးနားမြို့။
၂၇။ ဦးဒေါင်ဟောင်း ပြည်နယ်ဦးစီးမှူး (ဒုတိယတန်း)၊ ကချင်ပြည်နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ မြစ်ကြီးနားမြို့။
၂၈။ ဒေါ်နုနုဝင်း အတွင်းရေးမှူး၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၂၉။ ဦးမျိုးဝင်း မော်တော်ပိုင်၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၃၀။ ဦးသန်းထွန်း ဥက္ကဋ္ဌ၊ ရွှေအုပ်စုကုမ္ပဏီ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၃၁။ ဦးမောင်မောင်တင့် သိန်းညီနောင် စောင်လုပ်ငန်းနှင့် စင်ကျူရီကွန်ပျူတာစင်တာ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၃၂။ ဦးဖေငြိမ်း ဟိုတယ်/ခရီး၊စားဖျော်(ငြိမ်း)၊ အလယ်ရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၃၃။ ဦးဝင်းသိန်း အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၃၄။ ဦးကျော်သောင်း ကုန်သည်၊ မလွန်ရပ်၊ မန္တလေးမြို့။
၃၅။ ဦးတင်ကြူး ပြန်/ဆက်(ငြိမ်း)၊ အမှတ်(၃)ရပ်ကွက်၊ ကန့်ဘလူမြို့။
၃၆။ ဦးတင်အေး လဝက(ငြိမ်း)၊ အမှတ် (၁)ရပ်ကွက်၊ ကန့်ဘလူမြို့။
၃၇။ ဦးသန်းကြွယ် အမှတ် (၃)၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျွန်းစုမြို့၊ တနင်္သာရီတိုင်း။
၃၈။ ဦးအောင်မြင့် ကုန်သည်၊ ကညွတ်ကွင်းမြို့၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်း။
၃၉။ ဦးမြင့်ရွှေ ကုန်သည်၊ အထွေထွေမန်နေဂျာ၊ ရတနာဝင်း (သုံးဆယ်) လီမိတက်၊ ဒေသခွဲရုံး၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄၀။ ဦးကျော်မိုးခိုင်(ခ)ဦးဘဲဥ ဓနသဟာယ ဆန်စက်နှင့်ရောင်းဝယ်ရေး၊ ဓနသဟာယ ငါးမွေးမြူရေးလုပ်ငန်း၊ ဓနသဟာယရော်ဘာ စိုက်ပျိုးရေးလုပ်ငန်း၊ လက်ပံတန်းမြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၄၁။ ဦးသိန်းထွန်း(ခ)ကိုပြားကြီး ကိုပြားကြီးဆန်စက်လုပ်ငန်း၊ ကိုပြားကြီးရောင်းဝယ်ရေးလုပ်ငန်း၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄၂။ ဦးဇော်လွင်ဦး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးရေးကုမ္ပဏီ၊ တပ်မတော်ရိက္ခာတင်ဒါကိုယ်စားလှယ်၊ သီတာရေစင် ဆန်နှင့်စပါးရောင်းဝယ်ရေး၊ နတ်တလင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄၃။ ဒေါ်မြင့်မြင့်သောင်း ဆန်စက်ပိုင်ရှင်၊ ရွှေမေတ္တာဆန်စက်၊ လပ်ကီးဘော်ဒါကျူရှင်သင်တန်း၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄၄။ ဦးခင်လှ ဥက္ကဋ္ဌ (ရယက)၊ တောင်သူ ရွှေပြည်ကျေးရွာ၊ စဉ့်ကူးမြို့၊ မန္တလေးတိုင်း။
၄၅။ ဦးပါလေး (ရဲမှူး-ငြိမ်း)၊ အမှတ် ၁၈-က၊ မင်းရဲကျော်စွာလမ်း၊ တရုတ်တန်းရပ်၊ မုဒုံမြို့၊ မွန်ပြည်နယ်။
၄၆။ ဦးဆွေအောင် ကုန်သည် အမှတ် ၄၄၊ ၇လမ်း၊ အမှတ်၃ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၇။ မောင်နောင်ထွန်း မီခို၊ ရေစက်ဝင်း လမ်းသစ်ရိပ်သာ၊ အမှတ်၁၁ရပ်ကွက် လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၈။ ဦးရဲအောင် MD၊ သိရိကုဋေကြွယ် ကုမ္ပဏီလီမိတက်၊ အမှတ် (၂၇/က) ဖိုးစိန်လမ်း၊ ဗိုလ်ချို ၂ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄၉။ ဒေါက်တာဝေလင်း လက်ထောက်ဆရာဝန်၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၅၀။ ဒေါ်နန်းအက် ကျန်းမာရေး ကြီးကြပ်အဆင့်-၂၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။
၅၁။ ဦးခမ်းအောင် တပ်ခွဲမှူး၊ မုံးပေါ်ပြည်သူ့စစ်၊ တာမိုးညဲ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၅၂။ ဦးသန်းထွန်း အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဧရာဝတီတိုင်း။
၅၃။ ဦးရွှေထွန်း အောင်ခေတ်မီဆန်စက်၊ မြစနွှာလမ်း၊ ကွယ်လွယ်ကျေးရွာ၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။
၅၄။ ဒေါ်သန်းသန်းနွဲ့ စည်းရုံးရေးနှင့်ပြန်ကြားရေးတာဝန်ခံ၊ ခရိုင်မျိုးသမီးရေးရာအဖွဲ့၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။
၅၅။ ဒေါက်တာလှလှဝင်း ဆရာဝန်(ပြင်ပ)၊ အမှတ် ၁၊ ၉လမ်း၊ အမှတ်(၄) ရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်း။
၅၆။ ဦးဝင်းမောင် အထက်တန်းပြ(အငြိမ်းစား)၊ အမှတ် ၅/၄၊ စိန်ရတုလမ်း၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်း။
၅၇။ ဒေါ်သန်းသန်းအေး ကုန်သည် အမှတ် ၄၃၊ (၁၃)လမ်း၊ မြို့မ၇ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း။
၅၈။ ဦးမြသောင်း အစောင့်၊ မြန်မာ့အာမခံလုပ်ငန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၅၉။ ဦးတင်မြင့် ရုံးစောင့်၊ ချမ်းမြသာစည်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန။
၆၀။ ဦးတင့်လွင်ဦး အင်ဂျင်နီယာ၊ ရွှေသစ်ခွလီမိတက်၊ တိုက်၁၊ အခန်း၁၊ ဘော်စင်လမ်း၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆၁။ ဦးမျိုးအောင် ဈေးရောင်း၊ အမှတ်၃၅၊ ၈လွှာ(အေ)၊မဂ္ဂင်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၆၂။ ဦးဇော်ဝင်း ဒု-ဓာတ်ခွဲခန်းမှူး၊ ရူပဗေဒဌာန၊ မန္တလေးတက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ပညာရေးဝန်ကြီးဌာန။
၆၃။ ဦးသန်းတင် ထုတ်လုပ်ရေးတာဝန်ခံ(ငြိမ်း)၊ သစ်အချောထည်စက်ရုံ၊ အမှတ်၄၄၊ ၁၀၉လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
၆၄။ ဦးမြင့်ဦး ကျွမ်းကျင်(၅)စက်မှု၊ ဖြတ်ဆင်(စစ်မှု)စက်ခေါင်းစက်ရုံ၊ အင်းစိန်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၆၅။ ဘိုမြင့် (မ-၁၃၉၉၈)၊ မီးသတ်တပ်ကြပ်ကြီး၊ မီးသတ်ဦးစီးဌာနချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၆၆။ ဦးစိန်ထွန်း တပ်မတော်-လေ(ငြိမ်း)၊ အမှတ်၁၁၅၆၊ ၅လွှာ၊ ဇေယျာသုခလမ်း၊ မေတ္တာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၆၇။ ဦးထွန်းမြင့် ယာဉ်မောင်း၊ လိုင်း ၇၅၊ အခန်း ၅၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာ၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း။
၆၈။ အရှင်ဝိပုလ သာသနာ့ဝန်ထမ်း၊ ဇောတိကာရုံကျောင်း၊ အောင်မင်္ဂလာကျောင်းတိုက်၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။
၆၉။ တင်မောင်ဦး (မ-၁၅၀၅၆)၊ မီးသတ်ဒုတပ်ကြပ်၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရွှေဘို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။
၇၀။ ဦးသန်းရွှေ ပန်းချီလုပ်ငန်း၊ ကျောင်းကြီးလမ်း၊ (၂)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်း။
၇၁။ အရှင်တိက္ခစာရ သာသနာ့ဝန်ထမ်း၊ ပါဠိတက္ကသိုလ်၊ အောင်မင်္ဂလာတိုက်သစ်၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၇၂။ ဦးထွန်းငြိမ်း ယာဉ်မောင်း၊ အမှတ်၅၉၊ဘီ(၃)၊ ဆင်မင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း။
၇၃။ ဦးယဉ်ထွေး အတွင်းရေးမှူး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်း။
၇၄။ ဒေါ်အေးအေးမြင့် လက်မှုကျွမ်းကျင်၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။
၇၅။ ဦးဝင်းမောင် ဈေးရောင်း၊ အမှတ် ၂၂၊ သုခမွလမ်း၊ ၆ ရပ်ကွက်၊ သုံးခွမြို့၊ ရန်ကုန်တိုင်း။
၇၆။ ဦးမြင့်အောင် အမှတ် (၄) သစ်စက်(ဝါးတရာ)၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၇၇။ ဦးမျိုးမင်း လက်ထောက်ကထိက(ဓာတုဗေဒဌာန)၊ လှိုင်ကော်တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန။
၇၈။ ဒေါ်ခင်စိန် အကြီးတန်းစာရေး(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၇၉။ ကိုယ်ပိုင်အမှတ် ၆၃၂၄၇၀ တပ်ကြပ်အောင်စိုး၊ အမှတ် (၄) ကာကွယ်ရေးပစ္စည်းစက်ရုံ၊ ကာကွယ်ရေးဝန်ကြီးဌာန။
၈၀။ ဦးဝင်းနိုင် ကြက်ခြေနီတပ်ဖွဲ့ဝင်၊ ၁ ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း။
၈၁။ ဦးလှဝင်း အရောင်းအဝယ်၊ အမှတ် ၆၊ မြို့ပတ်လမ်း၊ ဆိပ်ကြီးအနောက်ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်း။
၈၂။ ဦးမြင့်ဦး ကုန်သည်၊ စစ်ပြန်(၃)၊ ပါရမီလမ်း၊ ၁၂ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၈၃။ ဦးစောစိန်ဝင်း ဈေးရောင်း၊ အမှတ် ၂/၄၅၃၊ ဗိုလ်တေဇလမ်း၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၈၄။ ဦးဇော် တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။
၈၅။ ဦးဉာဏ်ဝင်း ကျွမ်းကျင် (၄) စက်မှု၊ စက်ဆင်ဘိုဂီ၊ စက်ခေါင်းစက်ရုံ၊ အင်းစိန်၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၈၆။ ဦးကျော်ဝင်း ဒု-ကြီးကြပ်ရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ၊ ငပုတောမြို့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၈၇။ ဦးသန်းအောင်(ခ) ဦးအောင်နိုင် စက်မှုကျွမ်းကျင်(၅)စက်ပြင်၊ မြို့ပြအင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၈၈။ ဦးတင်ထွန်းအောင် တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။
၈၉။ ဦးမြင့်အောင် စစ်မှုထမ်း(ငြိမ်း)၊ကကခန့်၊ အမှတ် ၁၆၊ ကမ္ဘောဇရိပ်သာ၊ အိမ်ထောင်သည်လိုင်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉၀။ ဦးဝင်းသိန်း အကြီးတန်းစာရေး၊ ပြည်ပငွေကောက်ခံရေးဌာနစု၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောရေးရာဝန်ကြီးဌာန။
၉၁။ ဦးအောင်မြင့်နိုင် အထွေထွေလုပ်သား၊ ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့ ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။
၉၂။ ဒေါ်လှသန်း တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။
၉၃။ ဦးသန်းဦးကျော် ဈေးရောင်း၊ ဂျိုးဖြူလမ်း၊ အပိုင်း(ဂ)ပေါက်ကုန်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၉၄။ ဦးအေးကို ပန်းထိမ်လုပ်ငန်း၊ အိုးဖိုတမ်းလမ်း၊ အနော်ရထာရပ်ကွက်၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။
၉၅။ ဦးနေစိုး ကုန်သည်၊ အမှတ် ၈၊ နံ့သာမြိုင်လမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၉၆။ ဦးကျော်တင့် ဒုတိယစုံစမ်းရေးမှူး၊ စစ်ဆင်ရေးနှင့် နိုင်ငံခြားငွေကြေးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။
၉၇။ ဦးခင်မောင်ထူး ဦးစီးအရာရှိ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၉၈။ ဦးအုန်းမြင့် အလုပ်ရုံစိတ်မှူး၊ စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံ၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၉၉။ ဦးသိန်းငွေ ပုံနှိပ်ကျွမ်းကျင်(၃)၊ ကာစတာ၊ ကွန်ပျူတာပုံနှိပ်ဌာန၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၁၀၀။ ဦးလှဝင်း တောင်သူ၊ ထီးဆောင်းရွာ၊ မြင်းမူမြို့နယ်၊ စစ်ကိုင်းတိုင်း။

(ဆက်လက်ဖော်ပြပါမည်။)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဒီမိုကရေစီနိုင်ငံတော်အတွက် အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာရေး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးနေခြင်းဖြစ် ထူထောင်ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲဖွံ့ဖြိုးရေး ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ ပညာ့အလင်းတန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ဗဟုသုတ ရှာမှီးနေကြသော ကျေးလက်လူငယ်လူရွယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာ ပညာ့အလင်းတန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါစာကြည့်တိုက်ရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် ပျဉ်းမနားမြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့် ပြည်သူများ၊

စာမျက်နှာ ၈ ကော်လံ ၁ ✡

ထုံးဘိုမှ အဓိကဝင်ရောက်လာသော အလုံးလုလု ဆီးပန်းသီးများကို ဤသို့တွေ့ရသည်။

သီရိမင်္ဂလာဈေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံဈေးကွက် လိမ္မော်သီး၊ ပန်းသီး လှိုင်လှိုင်ဝင်ပြီး ဂေါ်ဖီနှင့် နာနတ်အဝင်နည်း

ဈေးကွက်သတင်းမြင်ကွင်း
မြင့်မောင်စိုး

ဓာတ်ပုံ
အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရန်ကုန် ဇန်နဝါရီ ၆

ယခုသီတင်းပတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ဝင်ရောက်မှုအခြေအနေမှာ ရန်ကုန်တိုင်းကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးကြီး၌ မေးမြန်းကောက်ယူခဲ့သော စာရင်းအရ လိမ္မော်သီး၊ ပန်းသီးနှင့် ဆီးပန်းသီးများ လှိုင်လှိုင်ဝင်နေပြီး ဂေါ်ဖီထုပ်နှင့် နာနတ်သီးများ အဝင်နည်းသွားခဲ့သည်။

သီရိမင်္ဂလာဈေးကြီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအချို့မှ လိမ္မော်သီးကားများ နေ့စဉ်နှစ်စီးခန့် ဝင်ရောက်လျက်ရှိသည်။ တစ်စီးလျှင် ပိဿာချိန် ၁၀၀၀၀ ကျော်တင်နိုင်သော ဒိုင်နာကားများဖြင့် ဝင်ရောက်လာသည်။ *စာမျက်နှာ ၉ ကော်လံ ၃* ❒

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား